မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၀၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို စုပေါင်းထိန်းသိမ်းနိုင်ရေး အာဆီယံကိုအခြေခံပြီး ဦးဆောင်ကြရမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၈

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲနှင့် (၄၇)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC -I) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်ဇနီးများ၊ ပါပူဝါးနယူးဂီနီ၊ တီမောလက်စ်တေနှင့်မွန်ဂိုလီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ❁

မြန်မာ-အိန္ဒိယနယ်စပ် နန်းဖာလုံဈေးသို့ ချင်းတောင်ကြက်သွန်နီများတင်ပို့မှု များပြားလာ

ကလေး ဩဂုတ် ၈

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးစခန်းဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ နန်းဖာလုံဈေးသို့ ချင်းတောင် ကြက်သွန်နီများတင်ပို့မှုများ ပြားလျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်မှ ထွက်သည့် ကြက်သွန်နီများကို ယခုရက်ပိုင်းအတွင်း အပို့များပြီး ချင်းတောင်ကြက်သွန်နီကုန်သွားမှသာ မုံရွာ-ပခုက္ကူဘက်မှလာသော အညာကြက်သွန်နီများကို တင်ပို့ကြကြောင်း၊ ချင်းတောင်ပေါ်တွင် ကြက်သွန်နီကို ချင်းတိုင်းရင်းသားအများစုက စီးပွားဖြစ်စိုက်ပျိုးကြပြီး ဖလမ်းခရိုင် ဗားလုံ၊ လာသီး၊ လုံဘန်း၊ ပါရ်သဲကျေးရွာများမှ အဓိကထွက်ရှိကြောင်း၊ ယင်းကျေးရွာများမှ ထွက်ရှိသော ကြက်သွန်နီကို ကလေးမြို့သို့ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် ယခုရက်ပိုင်း နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ကြက်သွန်နီသည် ချင်းတောင်ပေါ်တွင်သာမက ကလေးမြို့နယ်ဆည်တော်ဦး၊ ကျောင်းတိုက်ကျေးရွာနှင့်တောင်ဖီလာ၊ ကြို့သုံးပင်ရပ်ကွက်များတွင်လည်း စီးပွားဖြစ် အပြိုင်အဆိုင် စိုက်ပျိုးနေကြကြောင်း သိရသည်။

"အရင်က ချင်းတောင်ကြက်သွန်နီကို တမူးနယ်စပ်နဲ့ မုံရွာ၊ မန္တလေးဘက်အထိပို့ရတယ်။ အခုတလောအဲဒီဘက်တွေက ဝယ်လက်နည်းနေတယ်။ အဲဒါကြောင့် ချင်းတောင်ကကြက်သွန်နီတွေ ကလေးမြို့ဈေးကွက်ကိုပဲအားထားပို့နေရပြီး ကလေးမြို့ကနေတစ်ဆင့် တမူးမြို့ နန်းဖာလုံဈေးကို တင်ပို့နေရတယ်။ ကလေးနယ်ထွက်ကြက်သွန်နီက အလုံးသေးပြီး ဈေးလည်းကောင်းတယ်။ ချင်းတောင်ကြက်သွန်နီက အလုံးလှပြီး ဈေးလည်းချိုတယ်။ ဒါကြောင့်ကလေးမြို့ဒေသခံတွေ အများစုကတော့ ကိုယ့်နယ်ကထွက်တဲ့ ကြက်သွန်နီထက် ချင်းတောင်ကြက်သွန်နီကိုပဲ ပိုကြိုက်ကြတယ်။ အခုရက်ပိုင်း ကလေးမြို့ဈေးကွက်မှာ ချင်းတောင်ကြက်သွန်နီတစ်ပိဿာကို လက်လီပေါက်ဈေးငွေကျပ် ၆၀၀ မှ ၈၀၀အထိ

စာမျက်နှာ ၁၁ ကော်လံ ၅ ■

ယနေ့ မာတိကာ

ရုရှားမဟာဗျူဟာ နျူကလီးယား ဗုံးကြဲလေယာဉ်များ အမေရိကန်လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်ခဲ့ဟုဆို — စာ-၄

သံဘောစေ့ဖြင့် ပစ်ခတ်၍ရသော လေသေနတ်အတို ၁၆ လက်၊ အရှည် ၈၈ လက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ — စာ-၅

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဘေးကင်းလုံခြုံရေးကို ဦးစားပေး

ယခုအခါ ကျွန်ုပ်တို့နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ တစ်စတစ်စတိုးလာသည့်အလျောက် အထပ်မြင့်အဆောက်အအုံများနှင့် စက်ရုံ၊ အလုပ်ရုံများတည်ဆောက်မှုမှာလည်း တိုးတက်များပြားလာလျက် ရှိပါသည်။ ဆောက်လုပ်ဆဲ အဆောက်အအုံများ၌ ဘေးကင်းလုံခြုံရေး ဦးစားပေး (Safety first) ဟူသော သတိပေးစာတန်းများ ရေးသားအသိပေးထားသည်ကို တွေ့ရသည်။ လုပ်ငန်းခွင်ဝင်ရောက်နေသော အလုပ်သမားများအတွက် ဘေးကင်းလုံခြုံရေးသည် အဓိကဖြစ်ပါသည်။

လုပ်ငန်းခွင် မတော်တဆမှုများ ဖြစ်ပွားလျက်ရှိပါသည်။ အလုပ်သမားများအား လုပ်ငန်းခွင်မတော်တဆမှုများ မဖြစ်စေရန် ကာကွယ်ပေးရမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများ ဖြစ်ပွားနိုင်ပါသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်လုပ်ငန်းခွင် မတော်တဆမှုများကြောင့် လူပေါင်းနှစ်သန်းခန့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ရဲတပ်ဖွဲ့မှတ်တမ်းများအရ နှစ်စဉ် ၂၅ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ဤအချက်များကို ထောက်ရှုလျက် လုပ်ငန်းခွင်များ၌ မတော်တဆမှုများဖြစ်ပွားနေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ သတိပြုဆောင်ရွက်ရမည့် အနေအထားဖြစ်ပါသည်။ မည်သို့သော အကြောင်းကြောင့် အလုပ်သမားများအား ထိခိုက်နာကျင်မှုမဖြစ်စေသင့်ပါ။ အလုပ်သမားများ၏ အရေးကိုပေါ့တန်စွာတွက်ဆ၍ မလုပ်ဆောင်သင့်ပါ။

အလုပ်သမားဟူသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးထုတ်ကုန်များကို မြှင့်တင်ပေးနေသည့် အဓိက မောင်းနှင်စွမ်းအားများဖြစ်ပါသည်။ ထိုအဓိက မောင်းနှင်စွမ်းအားများ အားပျော့ယုတ်လျော့သွား၍ မဖြစ်ပါ။ အလုပ်သမားများ၏ ကြံ့ခိုင်စွမ်းအားကြီးမားပါမှ ကုန်ထုတ်စွမ်းအားလည်း တိုးတက်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေးသည် ပထမဦးစားပေး လုပ်ကိုင်သွားကြရမည် ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများ၌ မြို့ပြများ အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိရာ အထပ်မြင့်အဆောက်အအုံများ သိသာစွာဆောက်လုပ်လာသည်ကို သတိပြုမိပါသည်။ အထပ်မြင့်အဆောက်အအုံများသည် မြို့ပြများ၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်ကို ထင်ဟပ်စေပါသည်။ သို့သော်လည်း အထပ်မြင့်များဆောက်လုပ်ရာတွင် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးကို အထူးဦးစားပေး ဆောင်ရွက်ရန် အရေးကြီးပါသည်။ အချို့သော ကန်ထရိုက်များမှာ အတွေ့အကြုံနည်းပါးခြင်း၊ တရားဝင်ဆောက်လုပ်ခွင့် လိုင်စင်မရှိခြင်းတို့ကြောင့် အလုပ်သမားများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးထားမှုနည်းပါးနေပါသည်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် စီမံကွပ်ကဲမှုအားနည်းလျက်ရှိပါသည်။ အထူးသတိပြုလုပ်ကိုင်သွားရန် လိုအပ်ပါသည်။

မကြာမီကာလအတွင်း ကျွန်ုပ်တို့နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည့် အနေအထားရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများလည်း များပြားလာမည်ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ တည်ဆောက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုများ မဖြစ်ပွားရလေအောင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီ၏ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး(၉/၂၀၁၄)သို့ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း လက်တွေ့ကျကျ၊ အမှန်တကယ်လုပ်နိုင်မည့် ဥပဒေဖြစ်ပေါ်စေရေးအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် Working Group အဖွဲ့ဝင်များမှ အချက်အလက်များနှင့် အကြောင်းအရာများကို ဆွေးနွေးပြီး ထိရောက်သော အကြံပြုချက်များပေးကြရန်၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံသားတိုင်း ဝင်ငွေ တိုးတက်လာစေရန်အတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ကြရန်နှင့် Regional အလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက Working Group ခုနစ်ဖွဲ့မှ သက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တစ်ပြိုင်နက် မူဝါဒနှင့် ဥပဒေများအကောင်အထည်ဖော် ရေးဆွဲနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာဥပဒေများနှင့်အညီ ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ထားရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော German Agency for International Cooperation (GIZ)နှင့် Asia Development Bank(ADB)တို့မှလည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် Working Group အဖွဲ့ဝင်များ အနေဖြင့်လည်း လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက အဖွဲ့များမှ ကိုယ်စားလှယ်များက နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂိမ်းအလွန်အကျွံ ဆော့ကစားသောလူငယ်များကို ကြပ်မတ်ထိန်းကျောင်းသင့်

ထင်သာမြင်သာပြုပြင်စရာ

မကွေးမြို့တွင် လူငယ်လူရွယ် အများစုသည် ဂိမ်းဆော့ကစားခြင်းကို စွဲလမ်းပြီး အလွန်အကျွံဆော့ကစားမှုများကြောင့် လူမှုဘဝတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ ထိခိုက်မည်ကို အုပ်ထိန်းသူမိဘများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ ဆက်သွယ်ရေးနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးလာသော ယနေ့ခေတ်တွင် ဆိုက်ဘာဂိမ်းများ၊ နက်ဝတ်ခ်ဂိမ်းများ၊ မိုဘိုင်းဖုန်းဂိမ်းများနှင့် ပီတူး၊ ပီဝမ်းဂိမ်းများကို ကျော်လွှားသွားပြီးနောက် ဂိမ်းစွဲလမ်းသူဦးရေ တစ်စတစ်စ များပြားလာပြီး ဆော့ကစားသူအများစုမှာ အသက် ၂၀ အောက် လူငယ်အများစု ဖြစ်ကြောင်း ဂိမ်းဝါသနာရှင်တစ်ဦးက ပြောပြသည်။ "ပီဝမ်း၊ ပီတူးဂိမ်းတွေ သိပ်မဆော့ကြတော့ဘူး။ မိုဘိုင်းဖုန်းတွေ လူငယ်တိုင်း ကိုင်နိုင်လာကြတော့ ဆော့ချင်တဲ့ဂိမ်းကို ဝမ်းမိုဘိုင်းတို့ ပလေးစတိုးတို့ကနေ ဒေါင်းလော့လုပ်ပြီး ဆော့ကြတယ်။ နက်ဝက်ခ်ဂိမ်းတွေလည်း အင်တာနက်ဆိုင်တွေမှာ သွားဆော့ကြတယ်။ အင်တာနက်ကို တခြားကိစ္စတွေ သုံးတာထက် ဂိမ်းကစားဖို့ ပိုပြီးသုံးတာများလာတယ်။ အခုလို ကျောင်းဖွင့်ရက်တွေမှာတောင် ကျောင်းကနေ လစ်ထွက်ပြီး တစ်နေကုန် အင်တာနက်ဂိမ်းဆိုင်ကနေ မပြန်တဲ့ကလေးတွေရှိတယ် " ဟု ၄င်းက ဆက်လက်ပြောပြသည်။

နိုင်ငံတကာနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ဂိမ်းပရိုဂရမ်များကလည်း အပြိုင်အဆိုင်ဆွဲဆောင်မှုရှိလာပြီး ဆော့ကစားသူများကို ပို၍စွဲလမ်းစေကြောင်း၊ ဂိမ်းအလွန်အကျွံဆော့ကစားခြင်းကြောင့် မျက်စိအားနည်းခြင်း၊ ခေါင်းကိုက်ဝေဒနာခံစားရခြင်း၊ လက်ချောင်းလေးများနှင့် လက်ဆစ်များ သွေးပုံမှန်စီးဆင်းမှုမရှိဘဲအရိုးအဆစ်အရွတ်ဆိုင်ရာ ဝေဒနာများ ခံစားရခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်၍ ခက်ထန်လာခြင်း၊ အနိုင်ယူလိုစိတ် များလာခြင်းများအပြင် အခြား စိတ်ဒဏ်ရာများနှင့် ဒုစရိုက်လက္ခဏာများ ပေါ်ပေါက်လာနိုင်ကြောင်း ဒေသခံဆရာဝန်တစ်ဦးက ပြောပြသည်။

"ဂိမ်းကို ရံဖန်ရံခါ ဆော့ကစားတာဟာ စိတ်အပန်းပြေမှုကို ဖြစ်ပေါ်စေပြီး ဉာဏ်ရည်ထက်မြက်စေပေမယ့် အလွန်အကျွံဆော့ကစားရင်တော့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အလွန်အန္တရာယ်များပါတယ်။ မိဘတွေအနေနဲ့ မိမိတို့ကလေးတွေရဲ့ ဂိမ်းဆော့ကစားမှုကို စောင့်ကြည့်လေ့လာပြီး ကြပ်မတ်ထိန်းကျောင်းသင့်တယ်။ ဂိမ်းကစားချိန်ကို စည်းကမ်းနဲ့ သတ်မှတ်ပြီး အခြားကိုယ်လက်လှုပ်ရှားမှု အားကစားနဲ့ စာဖတ်ခြင်းတွေမှာ စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သင့်တယ်" လို့ အထွေထွေရောဂါကု ဆရာဝန်တစ်ဦးက ပြောပြသည်။

ဖူးပွင့်နေခြည်(မကွေး)

ကျန်းမာရေးအသိပညာပေး

မုဒုံ ဩဂုတ် ၈

မုဒုံမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုတစ်ရပ် အနေဖြင့် ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁)က ပျိုရွယ်သူများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အမျိုးသမီးရေးရာအဖွဲ့နှင့် ပတ်သက်သော သိကောင်းစရာများကို ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1) ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်တို့ တက်ရောက်ကြပြီး အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် သတင်းဌာနများနှင့်တွေ့ဆုံ မေးမြန်းချက်များကို ရှင်းလင်းဖြေကြား

နေပြည်တော် ဩဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ယနေ့တွင် (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက် သတင်းရယူကြသော ပြည်တွင်းပြည်ပသတင်းဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် နံနက် ၁၁ နာရီတွင် တရုတ်နိုင်ငံ စီစီတီဗွီသတင်းဌာနနှင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်းနှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် အမေရိကန်နိုင်ငံ ဗွီအိုအေသတင်းဌာနနှင့် လည်းကောင်း **(အောက်ပုံ)**၊ ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံ Singapore Press Holdings Limited မှသတင်းအဖွဲ့နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် The Straits Time မှ သတင်းအဖွဲ့နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့ပြင် ညနေ ၃ နာရီခွဲတွင် သန္တာခန်းမ၌ သတင်းစာရှင်းလင်းပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်တွင်း၊ ပြည်ပသတင်းဌာနများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ - မွန်ဂိုလီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော မွန်ဂိုလီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လိုဆန်ဝန်ဒန်ဂင်ဘိုးလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁) (MICC-1) တွင် လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ချူလွန်ဘာရာမွန်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်၏စိုးရိမ်ပူပန်မှုများအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ရှင်းလင်းသွားမည်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၈ ရက်မှ စတင်၍ နေပြည်တော်တွင် လက်ခံကျင်းပလျက်ရှိသည့် (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ တက်ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ လာရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်အတွက် ဇူလိုင် ၃၁ ရက်က အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ် ၇၀ က မြန်မာနိုင်ငံ၏လက်ရှိအခြေအနေများသည် မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်သောကြောင့် မြန်မာနိုင်ငံအား ဖိအားပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအား တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားသည့် နိုင်ငံခြားရေးမူဝါဒနှင့် အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ် ၇၀ ကျော်က တောင်းဆိုထားသည့် မြန်မာနိုင်ငံအပေါ် သဘောထားများနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား ယနေ့မွန်းလွဲပိုင်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ (ပထမနေ့) အစည်းအဝေးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာသမားများက မေးခွန်းထုတ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒသည် မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးမူဝါဒကို အသိအမှတ်ပြုလက်ခံပြီး အကူအညီပေးနေခြင်းအတွက် ကျေနပ်အားရမှုရှိကြောင်း၊ အမေရိကန် ကွန်ဂရက်အတွင်းတွင် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ရှိနေသည်ဟုသိရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဘက်မှ ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုများ ပြေပျောက်ရန်အတွက် မြန်မာနိုင်ငံသို့ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအား ပကတိအခြေအနေမှန်များကို ရှင်းပြသွားမည်ဖြစ်ပြီး အမေရိကန်လွှတ်တော်အမတ်များထံမှ သိရှိလိုသည်များကိုလည်း မြန်မာနိုင်ငံအနေဖြင့် ရှင်းပြသွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့အစိုးရတာဝန်ယူခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ အောင်မြင်မှု အများအပြားရရှိခဲ့ပါတယ်။ မြန်မာအစိုးရအနေနဲ့ကလည်း ကြုံတွေ့နေရတဲ့ပြဿနာအားလုံးကို သုံးနှစ်တာ အချိန်ကာလလေးနဲ့ အားလုံးကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးဆိုတာကို တစ်ဖက်ကလည်း နားလည်ဖို့ လိုပါတယ်။ အမေရိကန်လိုနိုင်ငံမျိုးမှာလည်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြဿနာတွေ၊ အမေရိကန်တောင်ပိုင်းပြည်နယ်တွေမှာဆိုရင် ကလေးလုပ်သားပြဿနာတွေနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူတွေရဲ့ ဝေဖန်မှုတွေကို ခံနေရဆဲပါ။ ဒါကြောင့် မြန်မာအပေါ်မှာ ၁၉၄၈ မတိုင်ခင်ကတည်းက ရှိနေတဲ့ ပြဿနာအားလုံးကို သုံးနှစ်တာ အတောအတွင်း တစ်ချိန်တည်းမှာဖြေရှင်းဖို့ တောင်းဆိုတာဟာ မျှတပါရဲ့လား။ ကွန်ဂရက်က လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း မြန်မာနိုင်ငံရဲ့အခြေအနေမှန်ကို ပိုမိုနားလည်သင့်ပါတယ်။ ကျွန်တော်တို့အပေါ်ကို အပြစ်တင်မှုတွေပြုလုပ်နေမယ့်အစား ပြဿနာတွေကို ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတဲ့ အဖြေကိုပြည်သူတွေအတွက် ကူညီရှာဖွေပေးသင့်ပါတယ်" ဟု အမေရိကန်နိုင်ငံ၏ စိုးရိမ်နေမှုအပေါ် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းက နေပြည်တော်သို့ ရောက်ရှိလာပြီး အာဆီယံအမေရိကန် ဝန်ကြီးအဆင့် အစည်းအဝေး၊ (၇) ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းအစီအမံ ဝန်ကြီးအဆင့်အစည်းအဝေး၊ မဲခေါင်မြစ်အောက်ပိုင်းအစီအမံ၏မိတ်ဆွေများ ဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ (၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

သတင်း-ရဲမြတ်နန္ဒာ

နိုင်ငံတကာသတင်း

ရုရှားမဟာဗျူဟာ နျူကလီးယားဗုံးကြဲလေယာဉ်များ အမေရိကန်လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်ခဲ့ဟုဆို

ဝါရှင်တန် ဩဂုတ် ၈

ရုရှားမဟာဗျူဟာ နျူကလီးယားဗုံးကြဲလေယာဉ်များသည် လွန်ခဲ့သော ၁၀ ရက်အတွင်း အမေရိကန် အနောက်မြောက်ပိုင်း လေကြောင်းပိုင်နက်အတွင်း အနည်းဆုံး ၁၆ ကြိမ်ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေး တာဝန်ရှိသူများကပြောသည်။

Tu-95 ရုရှားဗုံးကြဲ လေယာဉ်များသည် လေကြောင်းပိုင်နက်ချိုးဖောက်လျက် ကျူးကျော်ဝင်ရောက်ခဲ့သည်ကို အမေရိကန် ဂျက်တိုက်လေယာဉ်များက သက်သေပြနိုင်ခဲ့ကြောင်းဝါရှင်တန်သတင်းစာတစ်စောင်က ကြာသပတေးနေ့တွင် သတင်းဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းတစ်ပတ်ကျော်က ရုရှားဗုံးကြဲလေယာဉ်များအနေဖြင့် အမေရိကန် လေကြောင်းကာကွယ်ရေးဇုန်များအတွင်း ဝင်ရောက်ခဲ့သည်ကို သက်သေပြနိုင်ခဲ့ပါကြောင်း အမေရိကန်မြောက်ပိုင်း စစ်ဌာနချုပ်နှင့် အမေရိကန်မြောက်ပိုင်း လေကြောင်းကာကွယ်ရေး စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်မှူး ဘတ်စမတ်က ပြောကြားလိုက်သည်။

အဆိုပါ ရုရှားဗုံးကြဲလေယာဉ်များကို အလက်စကာလေကြောင်းကာကွယ်ရေးဇုန် တစ်လျှောက်၌ အများဆုံးတွေ့ခဲ့ရသည်ဟု ဆိုသည်။ ယင်းလေကြောင်းကာကွယ်ရေး ဇုန်အတွင်း ဝင်ရောက်မည့်နိုင်ငံခြားလေယာဉ်များသည် မဝင်ရောက်မီအသိပေး ကြေညာသွားရမည်ဟု ဆိုသည်။ အဆိုပါ လေကြောင်းကာကွယ်ရေးဇုန်သည် အလူတီယန်ကျွန်းစုနှင့် အလက်စကာကို လွှမ်းခြုံထားသည်။

ယင်းဗုံးကြဲလေယာဉ်များတွင် Tu-142 ရေကြောင်းကင်းထောက်လေယာဉ်နှင့် IL-20ထောက်လှမ်းရေးလေယာဉ်လည်း ပါဝင်သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အီရတ်မြောက်ပိုင်း အစ္စလာမ္မစ်စစ်သွေးကြွများအား လေကြောင်းမှတိုက်ရန် အိုဘားမား တရားဝင်ခွင့်ပြု

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သူ့အနေဖြင့် အီရတ်မြောက်ပိုင်း အစ္စလာမ္မစ်စစ်သွေးကြွများအား လေကြောင်းမှတိုက်ခိုက်သွားရန် တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။ သူတို့အနေဖြင့် အမေရိကန်၏ အကျိုးစီးပွားကို ခြိမ်းခြောက်လာလျှင်သော်လည်းကောင်း၊ ဘာသာရေးလူနည်းစုများကို သတ်ဖြတ်ရန်ကြိုးစားလာလျှင်သော်လည်းကောင်း ကာကွယ်တားဆီးပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

သို့သော်လည်း အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်မလွှတ်နိုင်သေးဟု သမ္မတ အိုဘားမားက ဆိုသည်။ အမေရိကန်တို့အနေဖြင့် အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုခံနေရသော အီရတ်ပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လေကြောင်းမှ ချပေးခဲ့သည်ဟု ဆိုသည်။

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်နိုင်ငံ၏ အကြီးဆုံးခရစ်ယာန်မြို့ကွာရာကိုစ်မြို့ကို သိမ်းပိုက်ထားရာ ဒေသခံများ ထွက်ပြေးနေကြရသည်။

အမေရိကန်စစ်ဘက်အနေဖြင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသော ဆင်ဂျာတောင်ဒေသတစ်ဝိုက် ပိတ်ဆို့ခံနေရသည့် ရာဇီဒစ်လူနည်းစု အဖွဲ့ဝင်များအား အစားအစာနှင့် ရေဘူးများ လေကြောင်းမှတစ်ဆင့် ချပေးခဲ့ကြောင်း အမေရိကန်သမ္မတက လုံခြုံရေးအကြံပေးအရာရှိများနှင့် အိမ်ဖြူတော်၌ တွေ့ဆုံအပြီး ကြာသပတေးနေ့ညနေပိုင်းက ပြောကြားသည်။

ရာဇီဒစ် အဖွဲ့ဝင်များသည် အဆိုပါတောင်တန်းပေါ်တွင် ဆက်လက်ပိတ်ဆို့ခံနေရ၍ အစာနှင့်ရေငတ်ခြင်းပြဿနာများ ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက သတိပေး ပြောကြားလိုက်သည်။ အမေရိကန်အနေဖြင့် ကမ္ဘာတွင် ဖြစ်ပွားနေသော အကျပ်အတည်းကြုံတိုင်းတတ်နိုင်လိမ့်မည် မဟုတ်ကြောင်း မစ္စတာအိုဘားမားက ပြောသည်။ အမေရိကန်တို့အနေဖြင့် အီရတ်နိုင်ငံအတွင်း အကြမ်းဖက်မှုများကို ကာကွယ်ပေးရန် မျက်ကန်းအဖြစ်ပြန်မလာသင့်ကြောင်းဖြင့်လည်း သူက ပြောသည်။ အမေရိကန်တို့အနေဖြင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများအား ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဟု ဆိုသည်။ ထို့အပြင် အီရတ်အစိုးရတပ်ဖွဲ့ဝင်များက ဆင်ဂျာတောင်၌ ပိတ်မိနေသော အရပ်သားများအား ကယ်တင်ရေးကြိုးစားနေမှုအပေါ် လိုအပ်လာပါက အမေရိကန် လေတပ်က ကူညီပေးရန်လည်း သမ္မတ အိုဘားမားက ခွင့်ပြုခဲ့သည်။ **(ဘီဘီစီ)**

အာဖဂန်သမ္မတလောင်းနှစ်ဦးနှင့် ကယ်ရီတွေ့ဆုံမည်

ကဘူးလ် ဩဂုတ် ၈

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အငြင်းပွားမှုများဖြစ်ပွားနေသော အာဖဂန်နစ္စတန်နိုင်ငံ၏ အကျပ်အတည်းကို ကြိုးစားဖြေရှင်းပေးရန် ယင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။

မစ္စတာကယ်ရီ၏ နှစ်ရက်ကြာအလည်အပတ်ခရီး၌ မဲများပြန်လည်ရေတွက်ခြင်းကို ဆွေးနွေးရန် သမ္မတလောင်းနှစ်ဦး ဂါနီနှင့် အဗ္ဗဒူလာ အဗ္ဗဒူလာတို့နှင့် ဆွေးနွေးမည်ဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်ကလည်း လျှို့ဝှက်မဲပုံး ၂၃၀၀၀ အနက် ၄၀၀၀ နီးပါးကို ပြန်လည်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အာဖဂန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲဝင်များသည် ပြီးခဲ့သည့်လ မစ္စတာကယ်ရီအလည်အပတ် လာရောက်စဉ်က မဲများပြန်လည်စစ်ဆေးခြင်းကို သဘောတူခဲ့ပြီး ၎င်းရလဒ်ကို လက်ခံမည်ဟု ပြောခဲ့သည်။ **(ဘီဘီစီ)**

စစ်ဆန့်ကျင်သူ ပါလက်စတိုင်း ၁၀၀၀ကျော် အစ္စရေးဖမ်းဆီး

တဲလ်အဗစ် ဩဂုတ် ၈

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက် သိမ်းပိုက်နေမှုကို ဆန့်ကျင်ဆန္ဒပြသည့် ပါလက်စတိုင်း ၁၀၀၀ ကျော်ကို ဖမ်းဆီးလိုက်သည်။ အဆိုပါတက်ကြွလှုပ်ရှားသူများအား အစ္စရေးတို့က နယ်စပ်ဖြတ်ကျော်ကာ ပါလက်စတိုင်းမြို့များသို့ ဝင်ရောက်စီးနင်းစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

ဒါဇင်ပေါင်းများစွာသော ပါလက်စတိုင်း တက်ကြွလှုပ်ရှားသူများအား မည်သည့်စွပ်စွဲချက်မျှ မရှိဘဲ ဖမ်းဆီးခဲ့ကြောင်း ၎င်းတို့အား ရှေ့နေလိုက်ပေးနေသည့် ရှေ့နေတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အစ္စရေးမီဒီယာများက ဖော်ပြသည်။

ယင်းသို့ တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးဖြို့ခွင်းနေခြင်းသည် အခြေအနေကို ပိုမိုဆိုးရွားနိုင်ကြောင်း၊ သီတင်းပတ်တိုင်း ဒါဇင်နှင့်ချီ၍ အစ္စရေးတို့က ဖမ်းဆီးမှုများပြုလုပ်နေကြောင်း၊ အစ္စရေးမြို့ နာဇာရက်တစ်မြို့တည်းပင် သီတင်းပတ်တိုင်း ဖမ်းဆီးနေကြောင်း အစ္စရေးမီဒီယာ မိုင်ဆာအာရှစ်က ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

တော်ဝင်ရေတပ်ပထမဆုံးအမျိုးသမီးတပ်မှူးအား အရာရှိတစ်ဦးနှင့် ချစ်ကြိုက်သည်ဟု စွပ်စွဲခံရပြီး ရာထူးမှဖယ်ရှား

လန်ဒန် ဩဂုတ် ၈

တော်ဝင်ရေတပ်သင်္ဘော ပထမဆုံးအမျိုးသမီးတပ်မှူးအား ၎င်း၏ အရာရှိများအနက်မှ တစ်ဦးနှင့်ချစ်ကြိုက်သည်ဟု စွပ်စွဲခံရပြီးနောက် ရာထူးမှဖယ်ရှားလိုက်သည်။

အသက် ၄၂ နှစ်ရှိ ဗိုလ်မှူးဆာရာဝက်စ်သည် ၂၀၁၂ ခုနှစ် မေလကHms ပို့လန်းရေတပ်သင်္ဘောအကြီးအကဲဖြစ်လာခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်လက အဆိုပါရေတပ်မှ ထွက်ခွာသွားခဲ့သည်။

“တပ်မှူးဝက်စ်အား တပ်မှူးရာထူးမှ ဖယ်ရှားလိုက်ပါပြီ။ ဒါပေမယ့် သူ့ရဲ့အတွင်းရေးကိစ္စ အသေးစိတ်ကိုတော့ ပြောနိုင်ဦးမှာ မဟုတ်ပါဘူး” ဟု တော်ဝင်ရေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းအား အခြားသော ရာထူးနေရာသို့ ရွှေ့ချယ်တာဝန်ပေးဖွယ်ရှိကြောင်းလည်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။ တပ်မှူး ဝက်စ်သည် ဇန်နဝါရီလက အဆိုပါ ရေတပ်သင်္ဘောနှင့်အတူ လိုက်ပါခဲ့သည်။ သင်္ဘောပေါ်တွင် လူမှုရေးပြဿနာရှိခဲ့သည်ဟု လွန်ခဲ့သည့်လက ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ ဝက်စ်အား တပ်မှူးတာဝန်မှ ဖယ်ရှားခံရသော်လည်း တော်ဝင်ရေတပ်တွင် ဆက်လက်တာဝန် ထမ်းဆောင်မည်ဖြစ်ပြီး အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအရ အခြားတစ်နေရာတွင် ပြန်လည်ခန့် ထားလိမ့်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။ ဝက်စ်သည် လင်ကွန်းရှိုင်းယား၌ ကြီးပြင်းလာခဲ့ပြီး ၁၉၉၅ ခုနှစ်ကတော်ဝင်ရေတပ်သို့ဝင်ရောက်အမှု ထမ်းခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သံဘောစေ့ဖြင့် ပစ်ခတ်၍ရသောလေသေနတ်အတို ၁၆ လက်၊ အရှည် ၈၈လက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ယမန်နေ့က တရားမဝင်လက်ဝယ်ထားရှိသော လေသေနတ်အတို၊ အရှည် စုစုပေါင်း ၁၀၄ လက်ကို သိမ်းဆည်းရမိခဲ့သဖြင့် ပိုင်ရှင်ကို အမှုဖွင့် အရေးယူထားသည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ အိမ်တစ်အိမ်တွင် ဂိုဒေါင်နှင့် သီးသန့်အခန်းများအတွင်း တာဝန်ရှိသူများ ဝင်ရောက်ရှာဖွေရာ သံဘောစေ့ဖြင့် ပစ်ခတ်၍ရသော လေသေနတ် Air Gun အတိုခြောက်လက်၊ အရှည် နှစ်လက်၊ ကော်စေ့ဖြင့် ပစ်ခတ်၍ရသော Air Soft Gun သေနတ်အတို ၁၀ လက်၊ အရှည် ၈၆လက် စုစုပေါင်း လေသေနတ်အတို ၁၆ လက်၊ အရှည် ၈၈လက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါလက်နက် ၅၀ခန့်ကို နီးစပ်ရာ ပုဂ္ဂိုလ်များသို့ ရောင်းချထားကြောင်း သိရှိရပြီး ပိုင်ရှင်ဖြစ်သူ ဦးထွန်းဟန်အား လိုင်စင်မဲ့သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်း ပြုလုပ်မှုဖြင့် တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်များသည် လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုသော သေနတ်များဖြစ်ကြောင်း၊ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုချက်ရမှသာ ကိုင်ဆောင်နိုင်ခွင့်ရှိကြောင်း၊ ယခုဖမ်းဆီးရမိသော လေသေနတ်များသည် လိုင်စင်မဲ့များဖြစ်သည့်အပြင် တရားဝင် တင်သွင်းခွင့်မပြုထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်ကြောင်း၊ ထို့အပြင် လက်နက်များသည် ကျည်စစ်ကျည်မှန်ဖြင့်ပစ်ခတ်ရသော ပကတိသေနတ်များနှင့် လုံးဝခွဲမရအောင် တူညီသော လက်နက်များဖြစ်သဖြင့် အယောင်ဆောင်၍ ပြစ်မှုကျူးလွန်နိုင်သော အန္တရာယ်ရှိနေကြောင်း၊ သံဘောစေ့ဖြင့် ထည့်သွင်းပစ်ခတ်ရသောလက်နက်များသည် အနီးကပ်ပစ်ခတ်ပါက အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လေသေနတ်များ လက်ဝယ်ရှိသူများ အနေဖြင့် နီးစပ်ရာရဲစခန်းများသို့ အမြန်ဆုံးအပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

လေသေနတ်အရှည် နှစ်လက်၊ ပစ္စတို (Air Gun) ခြောက်လက်နှင့် သံဘောစေ့များ။ (သတင်းစဉ်)

လိုင်စင်မဲ့/အကောက်ခွန်မဲ့ လေသေနတ်များနှင့် ကော်စေ့ထည့်ပစ်ခတ်ရသည့် ကစားစရာသေနတ်များထားရှိသည့် ဦးထွန်းဟန်၏ နေအိမ်အတွင်း ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အရှိန်မထိန်းနိုင်တဲ့ကား လမ်းဘေးကျောက်ပုံ ရှောင်ကွင်းရာ တိမ်းမှောက်မှုဖြစ်ပွား

အင်းတော် ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်တွင် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကျောက်ပုံ ရှောင်ကွင်းရာမှတစ်ဆင့် လမ်းဘေးသစ်သားဓာတ်တိုင်ကို ဝင်တိုက်ပြီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမှုဖွင့်

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာ ရဲကင်းမှူးရဲအုပ်မင်းသိန်းထွန်း တာဝန်ဆောင်ရွက်နေစဉ် ဩဂုတ် ၈ရက် နံနက် ၅နာရီ ၅မိနစ်က ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ကားလမ်းမိုင်တိုင်အမှတ် (၁၅၂/၂) နှင့် (၁၅၂/၃)ကြားတွင် မန္တလေးမှ တနိုင်းသို့ စက်သုံးဆီတင်ဆောင်လာသော ယာဉ်မောင်း သူရအောင်မောင်းနှင်သည့် 3B/----နစ်ဆန်းအဖြူရောင်ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို ဝင်တိုက်ရာ အဆိုပါစက်သုံးဆီ တင်ဆောင်လာသောကားသည် တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်မောင်း သူရအောင်သည် တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း၊ ယာဉ်ကိုပေါ့ဆစွာ မောင်းနှင်ထွက်ပြေး တိမ်းရှောင်နေသူကို မော်လူးရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(၁၄၉)

မန္တလေး ဩဂုတ် ၈

LED မီးတိုင်ကို အားသွင်းရာမှအပူချိန်လွန်ကဲ၍ နေအိမ်ထရံမီးလောင်

မန္တလေး ချမ်းမြသာစည်မြို့နယ် ဆ(၁)ရပ်ကွက် ချမ်းမြသာစည်မြို့နယ် အားကစားကွင်းမြောက်ဘက်၊ ၇၂ လမ်းနှင့် ၇၃လမ်းကြား ညီညွတ်ရေးလမ်းကြား အိမ်အမှတ် (၈၆)တွင် နေထိုင်သော ကိုပိုင်ပိုင်(ခေါ်)ကိုပိုင်စိုးသူ (၂၇နှစ်)၏သွပ်မိုး၊ ထရံကာ နှစ်ခန်းသုံးခန်းနှစ်ထပ်နေအိမ်၌ ယနေ့မွန်းလွဲ ၂နာရီ ၁၅မိနစ်ခန့်က နေအိမ်အပေါ်ထပ်၌ Led မီးတိုင်ကို အားသွင်းရာ လျှပ်စစ်မီးကြိုးမှ တစ်ဆင့် အပူချိန်လွန်ကဲ၍ နေအိမ်ကာရံထားသောထရံကို မီးစတင်လောင်ကျွမ်းခဲ့ပြီး ၎င်းနေအိမ်မီးမှတစ်ဆင့် တောင်ဘက်ကပ်လျက်ရှိသော သွပ်မိုး၊ ထရံကာ နှစ်ခန်းသုံးခန်း တစ်ထပ်နေအိမ်ဖြစ်သည့် ကိုကျော်ဝင်းဦး(ခ) ကိုငယ်လေးနေအိမ်နှင့် တောင်ဘက်ကပ်လျက်ရှိ ဦးတင်အောင်နေထိုင်သော နှစ်ထပ်တိုက်အပေါ်ထပ်အတွင်း ပစ္စည်းများအကုန်လောင်ကျွမ်း၍အောက်ထပ်တွင် မီးဟပ်ခံခဲ့ရပြီး အိမ်နှစ်လုံး၊ တိုက်တစ်လုံး မီးလောင်သွားကြောင်း သိရသည်။

မီးလောင်ရာသို့ စည်ပင်ယာဉ်နှစ်စီး၊ မီးသတ်ယာဉ်အစီး ၂၀၊ ကွပ်ကဲယာဉ် နှစ်စီးတို့မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီ ၁၅ မိနစ်၌ မီးငြိမ်းသွားသည်။ မီးလောင်ခံရသည့် မီးဘေးသင့်အိမ်ထောင်စု သုံးစုမှ မိသားစုဝင် ၁၈ ဦး တို့အား ဆ(၁)ရပ်ကွက် စိတ္တသုခဓမ္မာရုံ၌ ယာယီနေရာချထားပေးကြောင်းနှင့် မီးလွတ်ရန်အတွက် သက်ကြီးရွယ်အိုများ၊ မိသားစုဝင်များကို မီးလွတ်ရာ ချမ်းမြသာစည်မြို့နယ် အားကစားကွင်းမြောက်ဘက် ဝင်ပေါက်တံခါးမှ ကွင်းအတွင်းသို့ ဝင်ရောက်ရှောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

"Turn on Music, Turn off Drug"
မူးယစ်ကိုပစ်၊ တေးကိုချစ်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြရည်သွန်းသို့ ထက်ဝန်းစုံညီ သိဟ်ရာသီ

ဝိသဇ္ဇက(ပဲခူး)

အက္ခရာဗန္ဓသဒ္ဒအလင်္ကာ၊ သာယာကုံးညို ကဝိစာဆိုတို့သည် တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ ကမ္ဘာ တန်ဆာအဖြာဖြာကို စိတ်ကူးဝင်ကြမြဲ ဓမ္မတာဖြစ်သည်။ တစ်လပြီးတစ်လ ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီစက်ဝန်းအတွင်း ဩကာသလောက၏ သာယာပုံကို တစ်ဖုံတစ်နွဲ့ စာချဲ့ကာ သီကုံးခဲ့ကြသည်။

အင်းဝခေတ်ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသစသော ရဟန်းစာဆိုများပင် အကြောင်းသင့်ရာ၌ ဩကာသလောကကို ထည့်သွင်း၍ ဖွဲ့နွဲ့တော်မူခဲ့ကြသည်။ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့သည် ရာသီဖွဲ့ကြီးသဖွယ်ဖြစ်ခဲ့သည်။ ရှင်အဂ္ဂသမာဓိ၏ ဘုံခန်းပျို့သည် ဩကာသလောကကို တင်စားလျက် ဖွဲ့နွဲ့ချက်မကင်းချေ။

“လကားဝါခေါင်၊ တောင်လေဆောင်၍ ကျွန်းတောင်မြစ်ဝှမ်း၊ ကမ်းပြည့်လျှမ်းလျက်၊ တင်ကျမ်းရေပြင်၊ ကိုင်ပင်ဖောင်းပွင့်၊ ဖွေးဖွေးဆင့်လျက်၊ ကျူးရင့်ချိန်ဆုံး၊ ပစ္စုန်မှုန်းလျက်၊ ထစ်ချုန်းရိုက်မည်၊ မိုးပွဲစည်လျက်၊ စိုပြည်မြေပြင်၊ ပန်းသစ်ပင်လည်း၊ ညွန့်ရှင်ဆိုင်းဆိုင်း၊ ရိပ်ညိုမှိုင်းနှင့်၊ ခက်ကျိုင်းလန်းလန်း၊ မြရည်သွန်းသို့၊ ထက်ဝန်းစုံညီ၊ သိဟ်ရာသီ၌” စကားပြေများကိုသာ ပြုစုခဲ့ဖူးသော မင်းဘူး ဦးဩဘာသအရှင်မြတ်သည် ဆယ့်နှစ်ရာသီဘွဲ့မဟုတ်သော်လည်း ဝိဓူရဇာတ်တော်ကြီး နိဂုံးတွင် ဩကာသလောကကြီးကို ဝင်စားဖွဲ့နွဲ့သော လင်္ကာပါဒများကို အနည်းနှင့်အများ ထည့်သွင်းစပ်ဆိုထားကြသည်ကို လေ့လာရပေသည်။

မိုးရာသီဝါခေါင်လအား “ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝဏ်လဲ၊ ရှောင်ဝှန်တေဇော၊ ပန်းခတ္တာနှင့် ခိုင်ညာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လျှုစာရေတန်၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည့်ချိန်ကို၊ ဒေဝရိန်ပစ္စုန်းမှူးငယ်က၊ မြူးလှတယ်လေး”ဟူ၍ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့်လည်းကောင်း၊ “မြိုင်တကာမူ၊ လှိုင်စွာရနံ့၊ ခိုင်ခတ္တာပျံ့ယင်လ၊ ခြံတာရာဗွေ၊ ယုန်နန်းငွေနှင့် သရေတွက်ခွန်၊ သရဝဏ်လဲ၊ မလွန်ထပ်ရှည်၊ မှန်မွှန်းတည့်လို့၊ ကမ်းပြည့်ညိုညို၊ ရေတခိုဝယ်၊ မယ်ဖိုဆွေစုံ၊ ပျော်ရေးပဲကြုံတော့”ဟူသော လူဦးမင်းက လေးချိုးဖြင့်လည်းကောင်း ဖွဲ့ဆိုထားကြသည်။ ဝါခေါင်လအား “ဒေဝရိန်၊ ပစ္စုန်မှူးငယ်က မြူးလှတယ်လေး”ဟူ၍ မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့်လည်းကောင်း၊ “ကမ်းပြည့်ညိုညို၊ ရေတခိုဝယ်၊ မယ်ဖိုဆွေစုံ၊ ပျော်ရေးပဲကြုံတော့”ဟူသော လူဦးမင်းက လေးချိုးဖြင့်လည်းကောင်း ဖွဲ့ဆိုထားကြသည်။

မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဝါခေါင်လသည် မြစ်ရေချောင်းရေတိုးကာ ရေလျှံတတ်သည်။ “ဝါဆိုဝါခေါင်ရေတွေကြီးလို့၊ သပြေသီးမှည့် ကောက်စိုက်ကွယ်”ဟူ၍လည်း ပညာရှင်များက မှတ်တမ်းတင်ခဲ့ကြသည်။ သပြေကသီးရေကကြီးသနဲ့၊ ထန်းသီးကကြွေ၊ မိုးကစွေ”ဟူသော စာဆိုနှင့်အညီ သပြေသီးများမှည့်သည်၊ ကြွေလေသည်၊ သပြေသည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတွင် ရှေးအခါမှစပြီး မျက်မှောက်ခေတ်တိုင်အောင်၊ အောင်အတိတ်၊ အောင်နိမိတ်ဖြစ်ခဲ့သည်။ အဆောင်အယောင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ “အောင်ပါစေ သပြေညိုဆိုတဲ့ပန်းရယ်နဲ့ ရေချမ်းကိုလောင်း” စသည့် ရှေးစည်တော်သီချင်းတွင် ဆိုထားသည်။

ဝါခေါင်ဆိုသော ဝေါဟာရတွင် “ဝါ”သည် ရဟန်းတော်များဝါဆိုဝါကပ်ခြင်းဖြစ်သည်။ “ခေါင်” သည် အလယ်ဗဟိုဖြစ်သည်။ ဝါတွင်းလများ၏အလယ်ဗဟိုဟု ဆိုလိုခြင်းဖြစ်သည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် “နံကာလ” ဟုသုံးစွဲသည်။ နံကာလ၏အဓိပ္ပာယ်မှာ “လယ်လုပ်ချိန်လ”ဟူ၍ ဖြစ်သည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ နံကာလ၏အဓိပ္ပာယ်ကို ဖွဲ့ဆိုထားသည်မှာ ပါဠိဘာသာဖြင့် နိက္ခမနိယဟုခေါ်၏။ နိက္ခမနိယဆိုသည်မှာ နေမင်းသည် အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်သောလဟု အဓိပ္ပာယ်ရသည်။ ယင်းနိက္ခမနိယသဒ္ဒါရွေ့လျား၍ မြန်မာဘာသာနံကာ ဝေါဟာရဖြစ်သည်ဟု နံကာ၏ ပုဒ်ရင်းမြစ်နှင့် အဓိပ္ပာယ်ကို ပြဆိုထားသည်။

ရှေးခေတ်က နံကာ၊ ယခုဝါခေါင်လ၏ ရာသီမှာ သိဟ်ရာသီဖြစ်သည်။ သက္ကတ၊ အိန္ဒိယယဉ်ကျေးမှုအရ ထိုလကို သဝဏမာသဟုခေါ်သည်။ လပြည့်ညသန်းခေါင်အချိန်တွင် လပြည့်ဝန်းနှင့် သရဝဏ်နက္ခတ်တို့အနီးအစပ်ယှဉ်ပြိုင်မိကြသောကြောင့် သာဝထာမသာ(သရဝဏ်လ)ဟု ခေါ်ခြင်းဖြစ်သည်ဟု ဖတ်ရ မှတ်ရပေသည်။ အိန္ဒိယယဉ်ကျေးမှုကိုအခြေပြု၍ မွန်အမျိုးသားများက (သွန်) သာဝဏဟုခေါ်ကြောင်း မှတ်တမ်းတင်ခဲ့ဖူးသည်ကို တွေ့ရှိရသည်။

“ဝါဆိုဝါခေါင်ရေဖောင်ဖောင်” ဟူသော ဆိုရိုးစကားနှင့်အညီ ဝါခေါင်လအတွင်း မိုးဖြိုင်ဖြိုင်ရွာ၍ တောင်သူလယ်သမားတို့ အလုပ်များသောအချိန်အခါပင်ဖြစ်သည်။ ဝါခေါင်လသည် မိုးရာသီ၏ အလယ်၊ မိုးလယ်လဖြစ်၍ ထွန်တုံးထွန်တံတို့ကိုကိုင်ကာ တောင်သူလယ်သမားတို့ အင်တိုက်အားတိုက် လယ်ကိုစိုက်ပျိုးနေကြပြီဖြစ်သည်။ ရှေးအခါက ဝါခေါင်လတွင် စာရေးတံလျှုပွဲ ကျင်းပကြသည်။

> **ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း ဟူသော ရှေးကမိုးလင်္ကာအရ ယခုအခါ အောက်ပြည်အောက်ရွာ ရေလျှံနေသော်လည်း အထက်အညာဒေသတွင် မိုးခေါင်တတ်သည်။ ရွာပြန်သော်လည်း ဖွဲဖွဲမျှသာ ဖြစ်သည်။ အချို့ဒေသတွင် မိုးရွာရန် လွန်ဆွဲကြသည်ဟု ကြားသိရ**

မြတ်စွာဘုရားသခင်လက်ထက်တော်၌ ဝေရဥ္စာမြို့သည် အစာခေါင်းပါး၍ အသက်မွေးမြူရန် ခဲယဉ်းသောအဖြစ်နှင့် ကြုံခဲ့ရသည်။

ဒါယကာ ဒါယိကာမများသည် အကျပ်အတည်းတွေ့ရသောကာလတွင် ရဟန်းသံဃာတို့သည် ဆွမ်းခံရန် အခက်အခဲဖြစ်ရသည်။ တစ်ရံခါသော် ဥတ္တရာတိုင်းသား မြင်းကုန်သည်တို့သည် အစာရေစာရှားပါးလှသည့် ဝေရဥ္စာမြို့သို့ ဆိုက်ရောက်လာကြ၏။

ထိုအခါ ရဟန်းတို့သည်လည်း ဝေရဥ္စာမြို့၌ ဆွမ်းခံဝင်သော် ဆွမ်း မရကြသဖြင့် မြင်းကုန်သည်တို့ထံ၌ ဆွမ်းခံကြလေသည်။ ထိုအခါ မြင်းကုန်သည်တို့သည် တစ်စလယ်စီမျှသော မုယောဆန်ကို သံဃာတော်တို့အား လျှုဒါန်းရာ သံဃာတော်တို့လည်း ယင်းမုယောဆန်ကို ကျောင်းအရာမ်တွင်းသို့ ယူဆောင်ပြီးလျှင် ဆုံ၌ဖွပ်၍၌ အာဟာရကိုမျှတရ၏။

ယင်းကဲ့သို့ ဆွမ်းအခက်အခဲနှင့်ကြုံတွေ့ရသောကာလ၌ ရဟန်းသံဃာတို့သည် စာရေးတံဆွမ်းအလှုကို လက်ခံကြရသည်။ စာရေးတံဆိုသည်မှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းပြားပင်ဖြစ်သည်။ ယင်းအလှုမျိုးကား သံဃာတော်အများကို ဒါယကာ ဒါယိကာမသည် မည်သည့်သံဃာကို ဆွမ်းကျွေးမည်ဟု ဆုံးဖြတ်ရန်မရကောင်းသောကြောင့် စာရေးတံဝါးခြမ်းပြား၌ သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက်ဆွမ်းကပ်နိုင်ကြစေရန် အိမ်အစဉ်အရ မဲနှိုက်စေ၍ လှုသောအလှုဖြစ်သည်။ တစ်နည်းကား စာရေးတံဝါးခြမ်းပြားပေါ်တွင် အလှုခံပုဂ္ဂိုလ်၏အမည်ကိုရေး၍ မဲနှိုက်သည်။ ထိုအခါ အလှုခံပုဂ္ဂိုလ်သည် မိမိ၏ကုသိုလ်အလျောက်ရအပ်သော လှူဖွယ်ဝတ္ထုကိုရခြင်းဖြစ်သည်။ ယင်းသို့ လှုဒါန်းလာသော သာဓကကိုမှီ၍ ဝါခေါင်လတွင် စာရေးတံမဲဖြင့် အလှုတော်ဆက်ကပ်လှုဒါန်းရသည်။ ယင်းကိုရည်ရွယ်၍ စလေဆရာကြီးဦးပုညက ဝါခေါင်လတေးထပ်တွင် “ခတ္တာပန်းမိုးစွေငယ်၊ ညာတံရွေပွင့်ကူး၊ ရိပ်သာယာစက်ကြူးလို့၊ ပွဲတော်ဦးသဘင်၊ စာရေးတံ စီမံကြ၊ ဆန်းနိုင်သမျှသည့်ရာသီတွင်” စသည်ဖြင့် စပ်ဆိုခဲ့သည်။

ဝါခေါင်လတွင် ပွဲလမ်းသဘင်ကြီးများမရှိသော်လည်း တောင်ပြုန်းညီနောင်နတ်ပွဲကို ယနေ့တိုင် မန္တလေးမြို့ တောင်ပြုန်းအရပ်၌ အလွန်စည်ကားစွာ ကျင်းပလျက်ရှိသည်။ အမရပူရမြို့၌ လပြည့်ကျော်တွင် ရတနာဂူနတ်ပွဲကိုလည်း ကျင်းပကြသည်။ ထိုပွဲတော်တို့သည် စာရေးတံပွဲကဲ့သို့ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပွဲတော်မဟုတ်ပေ။ ဒေသတစ်ခု၌သာ ကျင်းပသော ပွဲတော်သာဖြစ်၏။

ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်းဟူသော ရှေးကမိုးလင်္ကာအရ ယခုအခါ အောက်ပြည်အောက်ရွာ ရေလျှံနေသော်လည်း အထက်အညာဒေသတွင် မိုးခေါင်တတ်သည်။ ရွာပြန်သော်လည်း ဖွဲဖွဲမျှသာ ဖြစ်သည်။ အချို့ဒေသတွင် မိုးရွာရန် လွန်ဆွဲကြသည်ဟု ကြားသိရသည်။

ထနောင်းပန်း၊ ကြောင်ကျစ်ပန်း၊ ဆူးရစ်ပန်းတို့သည် ဝါခေါင်လ၏ ဖွားဖက်တော်အဖြစ် တွေ့ရမည့်ပန်းများဖြစ်သည်။ တစ်ခါတစ်ရံ တောင်သူလယ်သမားတို့လုပ်ငန်းခွင်၌ မိုးနည်း၍ လယ်ရေငတ်ရသည်။ ပျိုးပင်တို့ညိုးရသည်။ ကောက်စိုက်သူတို့ စိတ်အားငယ်ရသည်။ ပျိုးပင်ကောက်ပင်တို့ စိမ်းစိုအောင် မိုးကိုအားထားရသည်။

“ကောက်တီနှင့် မယ်စော၊ ရောနှောလို့ပျိုးထောင်၊ မိုးလေကခေါင်၊ သည်ပျိုးရယ် ရေအောင်မှ၊ မယ်နှင့်မောင်အလှုပေးရမယ်၊ မိုးကူပဲ့လေး . . . ”၊ ကောက်စိုက်သူပျိုမေတို့ သွေးသားထဲတွင်ပါလာသော ဗုံကြီးသံဖြစ်သည်။ လယ်ရေငတ်ပျိုးပင်တို့ ညိုးလျှင် သူတို့နုတ်မှ ရုတ်ခြည်းထွက်လာအောင် စာဆိုတို့က ဖွဲ့ဆိုထားသည်။

ရာသီစက်ဝိုင်းသည် တစ်လပြီးလတစ်လ ပြောင်းလဲခဲ့ပြီ။ မိုးရာသီတစ်ဖန်ဖြစ်၍ ဝါခေါင်လသို့ ရောက်လေပြီ။ ရာသီမြသားကမ္ဗလာဝယ်၊ ပျိုးနုတ်ကောက်စိုက်သူပျိုမေတို့က ပန်းခတ္တာဆူးရစ်တို့ တဝေဝေနှင့် ပျော်ကြရွှင်ကြကြိုးစားနေကြပြီ။ မယ်နှင့်မောင်အလှုပေးမယ် မိုးကူပဲ့လေး။ ။

ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ကွန်ကရစ်တံတားတည်ဆောက်

ကျောက်ဆည် ဩဂုတ် ၈

ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာများမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ မိမိတို့စိတ်တိုင်းကျ သယ်ယူရောင်းဝယ်လိုသည့် ဒေသများသို့ အလွယ်တကူအဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရေးအတွက် ကျေးရွာချင်းဆက်လမ်းပေါ်တွင် သံကူကွန်ကရစ်တံတားသစ်တစ်စင်း တည်ဆောက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါတံတားကြီးကို မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၈၅ သိန်း၊ ပြည်သူထည့်ငွေကျပ်သိန်း ၁၈၀ဖြင့် ဆောက်လုပ်လျက်ရှိသော တံတားဖြစ်ပြီး အကျယ် ၁၇ ပေ၊ အရှည်ပေ ၆၀၊ အမြင့် ၁၅ ပေရှိပြီး တံတားကြီး အချိန်မီပြီးစီးနိုင်ရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ကြီးကြပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ကျောက်ဖြူ ဩဂုတ် ၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဩဂုတ် ၂ ရက်က နောက်ဆက်တွဲအထူးသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ရေပေးရေးအတွက် ကျောက်ဆောက်အုပ်စု သပြုချောင်းကျေးရွာ တစ်ဖက်ပိတ်ဆည်ပြုလုပ်နိုင်ရန် မြေနေရာအနေအထားများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

(၁၅၇)

စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

တောင်ငူ ဩဂုတ် ၈

နိုင်ငံတော်သမ္မတကြီး၏ တတိယအဆင့်အရှိန်မြှင့်တင်ခြင်း (Third Wave) အစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်းလေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်ချွန်တွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားစီမံကိန်းနှင့် စာရင်းအင်းဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဝေကြိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)ဒုတိယအထွေထွေမန်နေဂျာ ဦးမန်းဝင်းတင်က (Third Wave) တတိယအဆင့် အရှိန်မြှင့်တင်မှုအကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ပညာနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သည့် ဝန်ထမ်းသား သမီးများအား ဆုများပေးအပ်ချီးမြှင့်လိုက်သည်။ သင်တန်းဖွင့်ပွဲသို့ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်ချွန်ကျောင်းအုပ်ကြီး ဦးခင်မောင်တင်၊ သင်တန်းကျောင်းဝန်ထမ်းများ နှင့် သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(၁၁၅)

မဲဆန္ဒရှင်များအား မဲစာရင်းတွင်ပါဝင်ရေးဆောင်ရွက်ရန် ပညာပေးရန်လို

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများနှင့် ကဏ္ဍစုံမှ သက်ဆိုင်ပတ်သက်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ကျင်းပရာ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲစာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက်နှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး IFES မှ Mr.Paul Guerin က အစည်းအဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍မဲစာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက် ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲတာဝန်ခံများက လုပ်ငန်းအတွေ့အကြုံများနှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက သိရှိလိုသည်များမေးမြန်းကြသည်။

ယင်းနောက် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မဲစာရင်းပြုစုခြင်းရှေ့ပြေးစီမံချက်ဆောင်ရွက်ရာ၌ တွေ့ရှိရသည့်အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး အကြံပြုချက်များ တင်ပြကြသည်။

ထို့နောက် မဲစာရင်းပြုစုခြင်းနှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ဆောင်ရွက်သင့်သည့်အချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး **(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲအတွက်အရေးအကြီးဆုံးသည်မဲစာရင်းဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါရှိမှ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအား မဲစာရင်းတွင်ပါဝင်ရေး ဆောင်ရွက်ရန် ပညာပေးရန်လိုကြောင်း၊ မဲစာရင်းပြုစုရာ၌ မြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ အမည်စာရင်းကိုလည်း သက်ဆိုင်ရာ မဲဆန္ဒနယ်မဲစာရင်းတွင် ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း၊ Floating မဲဆန္ဒရှင်များအနေဖြင့် မူလနေထိုင်ရာအရပ် မဲစာရင်းတွင် ပါဝင်ပြီးရောက်ရှိနေရာ၌ မဲစာရင်းတွင် မပါဝင်ခြင်းနှင့်ပတ်သက်၍လည်း အသိပညာပေးရန်လိုကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လွတ်လပ်မျှတသော ရွေးကောက်ပွဲများ အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း၊ မဲစာရင်းပြုစုခြင်းနှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းများအနေဖြင့် ပညာပေးဆောင်ရွက်ရာ၌ မဲဆန္ဒရှင်များမဲစာရင်းတွင် မိမိအမည်ပါ/မပါကြည့်ရှုရန်နှင့် ပါဝင်အောင်ဆောင်ရွက်ရမည့် နည်းလမ်းများကို ပညာပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရပ်ကွက်/ကျေးရွာအတွင်း မဲဆွယ်စည်းရုံးရာ၌ မိမိ၏မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိ ကြည့်ရှုပြီး ပါဝင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲစာရင်းကပ်ရာတွင် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲရုံး၌ တစ်စုံတည်းမကပ်ဘဲ မဲဆန္ဒရှင်များ လွယ်ကူစွာကြည့်ရှုနိုင်ရန်နှင့် ဝေးလံသောနေရာများပါ ကြည့်ရှုနိုင်အောင် မိတ္တူများပွားပြီး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများသည် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို မဖြစ်မနေ သိရှိနားလည်အောင် လေ့လာဖတ်ရှုရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ပြင်ဆင်မှု ပြည့်စုံကောင်းမွန်မှသာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပြဿနာနည်းမှာဖြစ်ကြောင်း၊ လွတ်လပ်မျှတသောရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲတာဝန်ခံများ၊ IFES နှင့်မဲစာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော လူမှုအဖွဲ့အစည်း ၁၀ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍမြှင့်တင်ပေးရန် ကနေဒါနိုင်ငံအနေဖြင့် ပံ့ပိုးသွားမည်

တွေ့ဆုံမေးမြန်း- ခင်ရတနာ
ဓာတ်ပုံ- မေဦးမိုး

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခြင်း

ရန်ကုန် ဩဂုတ် ၈

ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံအတွင်း သံတမန်ဆက်ဆံရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ၏ ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးကို ရန်ကုန်မြို့ စင်တာပွိုင့်တာဝါ နဝမထပ်၌ ယနေ့ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုကာ ကနေဒါ-မြန်မာ ဆက်ဆံရေးကဏ္ဍသစ်စာမျက်နှာကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ကနေဒါနိုင်ငံ၏ သဘောထားအမြင်များနှင့် ရှေ့ဆက်မည့် လုပ်ငန်းစဉ်များကို ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. John Baird နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မြန်မာ့အလင်း ။ ။ ကနေဒါနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ အခုလိုပထမဆုံး သံရုံးကို ဖွင့်လှစ်ဖြစ်ခဲ့ပုံကို ပြောပြပေးပါရှင့်။

နိုင်ငံခြားရေးဝန်ကြီး ။ ။ ကနေဒါ-မြန်မာဆက်ဆံရေးက အခုအချိန်မှ စခဲ့တာတော့မဟုတ်ပါဘူး။ ၁၉၇၀ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံရဲ့ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ကူညီဆောင်ရွက်ပေးခဲ့တာ၊ လှူဒါန်းခဲ့တာတွေရှိခဲ့တာပါ။ အခုအချိန်က မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုဆိုင်ရာတွေက ဘက်ပေါင်းစုံမှာ တစ်ဟုန်ထိုးတိုးတက်မြင့်မားလာနေတာကို ကနေဒါနိုင်ငံအနေနဲ့ နားလည်သိရှိပြီး ၂၀၁၂ခုနှစ်မှာ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍ ပြန်လည်စတင်လာခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သံရုံးဖွင့်လှစ်ရခြင်းကတော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီနိုင်ငံသစ်သို့ ကူးပြောင်းရေးလုပ်ငန်းတွေကို လက်ခံလာပြီး ဆက်လက်ပြီးတော့ ကနေဒါနိုင်ငံအနေနဲ့ ကူညီလက်တွဲမှုတွေ အရှိန်တိုးမြှင့်နိုင်စေဖို့အတွက် အခုလို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

မြန်မာ့အလင်း ။ ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲတိုးတက်မှုတွေအပေါ်မှာရော ဘယ်လိုထင်မြင်ပါသလဲရှင့်။

နိုင်ငံခြားရေးဝန်ကြီး ။ ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လာတာကိုတွေ့ရပါတယ်။ ကနေဒါနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် ခိုင်မာရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာကို လက်ခံပါတယ်။ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် ငွေကြေးနဲ့ နည်းလမ်းကောင်းတွေကိုလည်း ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်။ ပြည်သူလူထုအတွက် ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ခုကို ပေးနိုင်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. John Baird မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားစဉ်။

မြန်မာ့အလင်း ။ ။ မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုအပိုင်းတွေမှာ ကနေဒါနိုင်ငံအနေနဲ့ ဘယ်လိုရှေ့ဆက်ဆောင်ရွက်သွားမလဲရှင့်။

နိုင်ငံခြားရေးဝန်ကြီး ။ ။ အသေအချာလုပ်ဆောင်မယ့် ကိစ္စရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်သွယ်မှုအပိုင်းမှာ ပိုမိုတိုးချဲ့သွားမှာပါ။ မြန်မာနိုင်ငံရဲ့ ကုန်စည်တင်ပို့မှုကိုလည်း အားပေးမှာဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းတွင်ကျယ်ဖို့အတွက် လိုအပ်တဲ့အကြောင်းအရာတွေအားလုံး လုပ်ဆောင်သွားမယ်။ အနာဂတ်မှာ ကနေဒါ-မြန်မာ ကုန်သွယ်ရေးက ကြီးမားလာတော့မှာဖြစ်ပါတယ်။

မြန်မာ့အလင်း ။ ။ ကနေဒါအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ လက်ရှိအချိန်အထိ မရှိသလောက် နည်းပါးတာကိုတွေ့ရပါတယ်။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လာနေတဲ့ ကျွန်မတို့နိုင်ငံအတွင်းမှာ ကနေဒါအနေနဲ့ရော ဘယ်လိုလုပ်ဆောင်သွားမလဲ သိပါရစေ။

နိုင်ငံခြားရေးဝန်ကြီး ။ ။ မြန်မာနိုင်ငံမှာ ကနေဒါနိုင်ငံကနေ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ အရင်က အားနည်းပေမယ့် အခုအချိန်မှာ အများကြီးပြင်ဆင်ထားပြီးဖြစ်ပါတယ်။ မကြာမီအချိန်အတွင်းမှာ မြန်မာပြည်တွင်းရဲ့ စီးပွားရေးကဏ္ဍကြီးတွေဖြစ်တဲ့ ဘဏ်လုပ်ငန်းတွေ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွေနဲ့ စက်မှုလုပ်ငန်းကြီးတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးဖို့၊ ဆင်းရဲမှုလျှော့ချဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိကြဖို့နဲ့ ဆန်းသစ်တီထွင်မှုတွေကို ကနေဒါနိုင်ငံအနေနဲ့ အများကြီး ပံ့ပိုးသွားမှာဖြစ်ပါတယ်။

မြန်မာ့အလင်း ။ ။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ့် အခြားသောကဏ္ဍတွေနဲ့ ဆောင်ရွက်ဖို့လျာထားမှုတွေကို ပြောပြပေးပါရှင့်။

နိုင်ငံခြားရေးဝန်ကြီး ။ ။ မြန်မာနိုင်ငံအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီနိုင်ငံဖော်ဆောင်ရေး စတာတွေအားလုံးကို ကနေဒါနိုင်ငံအနေနဲ့ စိတ်ဝင်တစားလေ့လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်အတွင်းမှာ အကူအညီပေးခဲ့တာတွေလည်းရှိပါတယ်။ အခုအချိန်မှာ သံရုံးဖွင့်လှစ်ထားပြီးဖြစ်လို့ နည်းပညာ၊ ငွေကြေးနဲ့ အခြားသော လူမှုရေးအကူအညီမျိုးစုံကိုလည်း ပေးအပ်သွားမှာဖြစ်ပါတယ်။ ကနေဒါနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာရော အာဆီယံနိုင်ငံတွေအပေါ်မှာပါ အကောင်းဆုံး အကူအညီပေးမှုတွေကို ဆောင်ရွက်ဖို့အတွက် အသင့်ရှိနေပါတယ်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၈

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်သရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နန်းကျော့ခိုင်နှင့် ကျန်းမာရေးဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ စံပြမိခင်ပြိုင်ပွဲဝင်မိခင်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော မိခင်များအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါအားဆေး၊ ငှက်ပျောသီး၊ ကြက်ဥ၊ အိုင်အိုဒင်းဆားများပေးအပ်ခဲ့ပြီး ငါးနှစ်အောက်ကလေးငယ်များက ဗီတာမင်အေ တိုက်ကျွေးခြင်း၊ ပဲနို့၊ မုန့်များ ပေးအပ်ခြင်း၊ အေးမြင့်သာယာကျေးရွာရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းသို့ ကလေးအားကစားကွင်းသုံးပစ္စည်းများပေးအပ်ခဲ့ပြီး တက်ရောက်လာသော ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များက အာဟာရချက်ပြုတ်သရုပ်ပြပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မင်းမင်းလတ်(ရှုပဗေဒ)

ပြည်တွင်းသတင်း

❀ *ရွှေဖုံးမှ*

နော်ဝေနှင့် တူရကီနိုင်ငံတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်ကိုယ်စားလှယ်များ၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက အာဆီယံသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ (၄၇)ကြိမ်မြောက် အာဆီယံနေ့ အခမ်းအနားနှင့် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်စဉ်အစည်းအဝေးဖွင့်ပွဲအခမ်းအနား တိုက်ဆိုင်မှုသည် အာဆီယံသမိုင်းတွင် ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ပါကြောင်း။

လွန်ခဲ့သော(၄၇)နှစ်က အာဆီယံသည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများမှ စတင်ခဲ့ပြီး ယနေ့တွင် အရှေ့တောင်အာရှဒေသတွင်ရှိသည့် နိုင်ငံ ၁၀ နိုင်ငံပါဝင်သည့် အဖွဲ့ကြီးတစ်ခုဖြစ်လာပါကြောင်း၊ ပထမဦးစွာ မိမိအနေဖြင့် မိမိတို့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် လွတ်လပ်မျှတသည့် သမ္မတရွေးကောက်ပွဲကို ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

လွန်ခဲ့သည့် (၄၇) နှစ်အတွင်း အာဆီယံနိုင်ငံများသည် ဆင်းရဲနွမ်းပါးမှုများ၊ ပြည်တွင်းပဋိပက္ခများ၊ စီးပွားရေး အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အင်အားကြီးနိုင်ငံများ၏ ဖိအားပေးမှုများကို ရင်ဆိုင်ကြံ့ကြံ့ခံပြီး ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသည် စုပေါင်းကြိုးပမ်းမှုနှင့် တစ်ဦးချင်း ကြိုးပမ်းမှုများမှ ကမ္ဘာ့အသိုက်အဝန်းအတွင်းတွင် စုစည်းမှုရှိသော၊ စီးပွားရေးရှင်သန်တိုးတက်သော၊ လူမှုရေးအရ ကူညီစောင့်ရှောက်တတ်သော၊ နိုင်ငံရေးအရ ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောသော အသိုက်အဝန်း ထူထောင်မှုကို ကြိုးပမ်းနိုင်ခဲ့ကြပါကြောင်း၊ စစ်မက်ဘေးက ကင်းဝေးပြီး အေးချမ်းတည်ငြိမ်မှုသည်အာဆီယံ၏ အခြေခံစီးပွားရေးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ ယူရိုငွေကြေးဈေးကွက်၏ အကျပ်အတည်းများကြားမှာပင် နှစ်စဉ်ပျမ်းမျှ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပါကြောင်း၊ မကြာမီအာဆီယံသည် တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော အသိုက်အဝန်းဆိုသည့် အာဆီယံ၏ ဆောင်ပုဒ်နှင့်အညီ အောင်မြင်သော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း။

ယင်းမျှော်မှန်းချက်များနှင့်အညီ မငြိမ်မှုများစွာကို တွေ့ရပါကြောင်း၊ အာဆီယံအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို စုပေါင်းထိန်းသိမ်းနိုင်ရေးအတွက် အာဆီယံကို အခြေခံပြီး ဦးဆောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာ နိုင်ငံရေးနှင့် လုံခြုံရေး မူဘောင်များကို အသစ်တစ်ဖန် စဉ်းစားသည့် နေရာတွင်လည်း လက်ရှိ မိမိတို့အားလုံး လိုက်နာကျင့်သုံးနေသည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါအချက်များကို အခြေခံသင့်သည်ဟု ယူဆပါကြောင်း။

ထွန်းကားလာမှုနှင့် နောက်ကွယ်အကြောင်းအရာများကို လေ့လာဖော်ထုတ်ဖြေရှင်းပေးသွားကြရမည်ဖြစ်ပါကြောင်း။

သတင်းနှင့်အချက်အလက်နည်းပညာများကြောင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံ ပျံ့နှံ့မှုဖြစ်စဉ်နှင့် အပြန်အလှန် မှီခိုအကျိုးသက်ရောက်မှုများ ဖြစ်လာသည့်အချိန်တွင် အမုန်းတရားပွားများစေမည့် သတင်းများကို လူနည်းစုက ဖြန့်ဝေလာသကဲ့သို့ ငြိမ်းချမ်းမှုကို လိုလားသည့် လူအများစုကလည်း ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို ပွားများစေမည့် သတင်း

သရုပ်လက္ခဏာဖြစ်ပြီး ငြိမ်းချမ်းတည်ငြိမ်မှုကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြည်သူများ၏ သာယာဝပြောမှုကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

အာဆီယံသည် ယခုဆိုလျှင် လူဦးရေ ၆၀၉ သန်းရှိသည့် ဈေးကွက်ကြီးဖြစ်လာပြီး စုစုပေါင်းကုန်ထုတ်တန်ဖိုး GDP သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံမျှရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံ၏ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ ယခုနှစ်ဆောင်ပုဒ်ကို ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီဟု သတ်မှတ်ခဲ့ပြီး ငြိမ်းချမ်းသာယာသည့် အာဆီယံအသိုက်အဝန်းတစ်ရပ်ဆီသို့ မမိုတ်မသုန် ရှေးရှုပြီး ရှေ့သို့ဆက်လက်ချီတက်ရန် တပ်လှန့်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့အခြေအနေများကို ကြည့်ပါက စိုးရိမ်မကင်းဖွယ် မတည်ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာဝပြောစေရန်အတွက် ဘာသာရေး၊ လူမျိုးရေးတို့တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ သဟဇာတမျှတမှု၊ သည်းခံစိတ်များ မြှင့်တင်မှုတို့ကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစွန်းတရားများကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာနေထိုင်လိုမှု၊ မေတ္တာ၊ စေတနာစိတ်ထားကို လွှမ်းမိုးစေရမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင်လည်း ယင်းဝါဒများ စကားများကို တုံ့ပြန်ပွားများစေရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ရှေ့သို့တူညီတက်လှမ်းချီရာတွင် ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းသည် အာဆီယံအသိုက်အဝန်း ထူထောင်မှုပင်ဖြစ်ပါကြောင်း။

အာဆီယံ အသိုက်အဝန်း ထူထောင်မှုသည် လက်ရှိအခြေအနေတွင် ၈၀ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီး လာမည့် ၁၇ လအတွင်းတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ ၂၀၁၄ခုနှစ် မေလအတွင်းက ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်းတွင် နေပြည်တော်ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများကို မဆုတ်မနစ်တက်ကြွစွာ အကောင်အထည်ဖော်ကြရန် မိမိတို့၏ သန္နိဋ္ဌာန်ချမှုများကို ထပ်လောင်းအတည်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း။

အာဆီယံအတွက် ဒုတိယဦးစားပေးဆောင်ရွက်ရမည့် အချက်သည် အာဆီယံ၏ ဖွဲ့စည်းမှုကို ပိုမိုခိုင်မာစေရေးပင်ဖြစ်ပါကြောင်း၊ အာဆီယံကို ၂၀၀၈ ခုနှစ် အာဆီယံပဋိညာဉ်စာတမ်းအရ စည်းမျဉ်းစည်းကမ်းကို အခြေခံသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အသွင်ပြောင်းခဲ့ရာတွင် အာဆီယံ၏ အဓိကအဖွဲ့အစည်းများ၏ ခိုင်မာမှု၊ အာဆီယံအဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အာဆီယံ၏ တတိယဦးစားပေးရမည့်အချက်သည် အာဆီယံသည် ပြောင်းလဲနေသည့် ကမ္ဘာ၏ပကတိအခြေအနေများနှင့် တိုးတက်ဖြစ်ပေါ်လာသည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအနေအထားများနှင့် အညီ တုံ့ပြန်ပြောင်းလဲနိုင်စေရေး ဖြစ်ပါကြောင်း၊ သို့မှသာ အာဆီယံသည် နိုင်ငံတကာ အသိုက်အဝန်းအတွင်းတွင် အရေးပါပြီး ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ဤမျှော်မှန်းချက်သည် အာဆီယံကို ကမ္ဘာ့အမြင်ရှိသည့် အဖွဲ့အစည်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွင်းတွင် တက်ကြွနိုးကြားမှုရှိသည့် အဖွဲ့အစည်း ဖြစ်လာစေမည်ဖြစ်ပြီး စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်စေမည်ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးတို့ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC- I) ၌ ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ နောက်ဆက်တွဲလုပ်ငန်းစဉ်များ၊ တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် ကြေညာစာတမ်း အကောင်အထည်ဖော်နေမှု လုပ်ငန်းစဉ်နှင့် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်မှု ဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ ၂၀၁၄ ခုနှစ် အစီရင်ခံစာကို မှတ်တမ်းတင်ခြင်း၊ ၂၀၁၅ ခုနှစ်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေး တက်ရောက်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာငွေတို့ကို အတည်ပြုခြင်း၊ အာဆီယံ-နော်ဝေ မိတ်ဖက်အစီအစဉ်ဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက နော်ဝေ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အတည်ပြုခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ ဒေသတွင်း ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပြင်ပဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဌာနဖြစ်စဉ်များနှင့် ဦးဆောင်ဦးရွက် အစီအစဉ်များဆိုင်ရာ စာအုပ်မိတ်ဆက်ခြင်းအစီအစဉ်တို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

အစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆက်လက်ကျင်းပမည့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်နိုင်ငံခြားရေးဝန်ကြီးများစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများနှင့်စပ်လျဉ်းသည့် ကြိုတင်ပြင်ဆင်မှုများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၈

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးအားကစားကွင်းအမှတ်(၄)၌(ဃ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားပြီး ကွင်းအမှတ်(၃)၌ (ဂ)အုပ်စုမှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ဃ)မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျပြီး ကွင်းအမှတ် (၄)၌ အုပ်စု(င)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(င)မှ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေး ဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(စ)မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(စ)မှ သာသနာရေး ဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲနှင့် (၄၇)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ကို ချမှတ်နိုင်မှုသည် များစွာအရေးကြီးပါကြောင်း၊ အများပါဝင်နိုင်ပြီး ပြည်သူကိုဗဟိုပြုသည့် အာဆီယံသည် ကျယ်ပြန့်သည့် စီးပွားတိုးတက်မှုကို ရရှိရမည်ဖြစ်ပြီး အခွင့်အရေးနည်းပါးသည့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းများအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကို ခံစားနိုင်စေရမည်ဖြစ်ပါကြောင်း၊ ဤမျှတသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် အာဆီယံအနေဖြင့် အာဆီယံ ပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းမှုနှင့် ဖွံ့ဖြိုးမှုကွာဟမှုများ လျော့နည်းနေမှုများကို ကြိုးပမ်းခဲ့ကြပါကြောင်း၊ ထိုသို့သော ကြိုးပမ်းမှုများကြောင့် အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများ၏ အာဆီယံ၏ စုစုပေါင်း GDP တွင် ပါဝင်မှုနှုန်းသည် ၂၀၀၉ ခုနှစ်၌ ခြောက်ရာခိုင်နှုန်းမှ ၂၀၁၃ ခုနှစ်၌ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း။

အာဆီယံ၏ ပေါင်းစည်းမှု၊ တူညီသည့်အခွင့်အလမ်းများနှင့် အာဆီယံကို ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် ဒေသဖြစ်ပေါ်စေရန်ကိစ္စတွင် အထူးအရေးကြီးသည့်ကိစ္စဖြစ်ပါကြောင်း၊ အာဆီယံဆက်သွယ်ရေး မဟာစီမံကိန်းကို မဖြစ်မနေအကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ရှေ့သို့တူညီတက်လှမ်းချီရာတွင် စိန်ခေါ်မှုနှင့် ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်ကျော်လွှားသွားနိုင်ရေးကို ပြင်ဆင်ထားကြရန်ဖြစ်ပါကြောင်း၊ ယင်းစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများအနက် ကမ္ဘာတစ်ဝန်းလုံးနှင့်အတူ ရင်ဆိုင်နေရသည့် ပြဿနာသည် ရာသီဥတု ပြောင်းလဲမှုများနှင့် အလွန်အမင်း ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများပင် ဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ပြီးခဲ့သည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အရေးယူဆောင်ရွက်သင့်သည့်အချက်များကို တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအချက်များကို ဆက်လက် အကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ငြိမ်းချမ်းသာယာသည့် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်စေရန်၊ အမြဲရှင်သန်နေသည့် အဖွဲ့အစည်းဖြစ်ပေါ်စေရန်၊ စီးပွားရေးအားဖြင့် ရှင်သန်သွက်လက်သည့် အဖွဲ့အစည်းဖြစ်စေရန်၊ အာဆီယံပြည်သူများကို ဗဟိုပြုသည့် အာဆီယံဖြစ်စေရန်၊ နိုင်ငံတကာ အသိုက်အဝန်းအလယ်တွင် ဂုဏ်ယူတင့်တယ်စွာ ရပ်တည်နိုင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန်၊ ရှေ့သို့တူညီ တက်လှမ်းချီကြရန် ယခုလို(၄၇)ကြိမ်မြောက် အာဆီယံအခါသမယတွင် အာဆီယံနိုင်ငံအားလုံးကို တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကား ပြောကြားရာတွင် အာဆီယံသည် အာဆီယံအသိုက်အဝန်း၏ စင်မြင့်သစ်အတွက် လက်တစ်ကမ်းအနေအထား၌ ရှိနေသည်ဖြစ်ရာ မိမိတို့၏ ရည်မှန်းချက်များ အချိန်မီပြည့်မီအောင်လုပ်ဆောင်ရန် အထူးအရေးကြီးပါကြောင်း၊ ယခုအချိန်သည် မိမိတို့၏ အတိတ်ကာလကရရှိခဲ့သော ဂုဏ်သတင်းကို ပြန်လည်သုံးသပ်ရန်သာမက ပွင့်လင်းစွာ ပြန်လည်သုံးသပ်ရမည့် အချိန်ဖြစ်သည့်အပြင် မိမိတို့အနာဂတ်အတွက်ပါ အစီအစဉ်ချမှတ်ရမည့် အချိန်လည်း ဖြစ်ပါကြောင်း။

ဤသည်မှာ ၂၀၁၅ခုနှစ်တွင် နိုင်ငံရေးအရစည်းလုံးသော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်ယူသော အာဆီယံအသိုက်အဝန်းတစ်ခု ပေါ်ပေါက်ရေးအတွက် မိမိတို့၏ စုပေါင်းအားထုတ်မှုများကို တွန်းအားပေးရန်ဖြစ်ပါကြောင်း။

မိမိတို့၏ အင်စတီကျူးရှင်းများနှင့် ပြည်ပဆက်ဆံရေးများ မြှင့်တင်ရန်အတွက် ပြန်လည်သုံးသပ်သော အာဆီယံလုပ်ငန်းစဉ်များ ကောင်းစွာတိုးတက်နေကြောင်းကို အထူးဝမ်းမြောက်စွာ အသိပေးလိုပါကြောင်း။

အာဆီယံ အသိုက်အဝန်း၏ အနာဂတ်အတွက် ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကို ပုံဖော်ရာတွင် တိုးတက်မှုများရရှိနေမှုကြောင့် ဝမ်းမြောက်မှုဖြစ်ရပါကြောင်း၊ ဤကြိုးပမ်းမှုများသည် မိမိတို့ပြည်သူများ၏ ဆန္ဒများအား ဖြည့်ဆည်းပေးရေးနှင့် အာဆီယံစည်းလုံးညီညွတ်ရေးတို့အတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံသည် အာဆီယံပဋိညာဉ်စာတမ်း၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (TAC) နှင့် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းရှင်းရေးဇုန်စာချုပ် (SEANWFZ Treaty) ကဲ့သို့သော အရေးပါသည့် နိုင်ငံရေးဆိုင်ရာ စာချုပ်စာတမ်းများကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှု၊ ညှိနှိုင်းတိုင်ပင်ရေးဆိုင်ရာ အခြေခံမှုများနှင့်အညီ ဆောင်ရွက်မှု၊ အားလုံးကြွယ်ဝချမ်းသာမှုတို့ ပါဝင်ပါကြောင်း၊ ယင်းတို့မှာ အာဆီယံ၏ အမှတ်သင်္ကေတများဖြစ်လာခဲ့သည့်အပြင် ဒေသအတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူပြုပါကြောင်း။

သို့သော်လည်း မိမိတို့၏ ကြိုးပမ်းမှုများသည် စိန်ခေါ်မှုများနှင့် မလွတ်ကင်းပါကြောင်း၊ ယနေ့ အာဆီယံ ရင်ဆိုင်နေရသောစိန်ခေါ်မှုများသည် ရှုပ်ထွေးပြီး ဘက်ပေါင်းစုံ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အပြင် နိုင်ငံအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စများဖြစ်သဖြင့် ပိုမိုပြည့်စုံသောအဖြေများရရှိရန် လိုအပ်နေပါကြောင်း။

မိမိတို့၏ စုစည်းညီညွတ်မှုဖြင့် ပြောင်းလဲနေသော ဒေသဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးရှုခင်းများနှင့်အညီ အာဆီယံ၏ခွန်အားကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

စုပေါင်းလုပ်ဆောင်မှုဖြင့် ရှေ့သို့ချီတက်ရာတွင် မိမိတို့သည် ဒေသဆိုင်ရာ ငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေးနှင့် လူမှုရေးအရ သဟဇာတရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ အာဆီယံ၏ လုပ်ငန်းစဉ်များ ပိုမိုထိရောက်ရေးနှင့် ခိုင်မာသော ပြည်ပဆက်ဆံရေးတို့အတွက် ကြိုးပမ်းရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာကြီးနှင့်အတူ အပြုသဘော ပြောင်းလဲမှုအတွက် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

> " စုပေါင်းလုပ်ဆောင်မှုဖြင့် ရှေ့သို့ချီတက်ရာတွင် မိမိတို့သည် ဒေသဆိုင်ရာငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေးနှင့် လူမှုရေးအရ သဟဇာတရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ် "

ထို့နောက် နိုင်ငံတော်သမ္မတ၊ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "ညီညွတ်သော အာဆီယံ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❐ *ကျော်ဖုံးမှ*

စိစစ်ကာ ၁၉၈၂ ခုနှစ် လူဝင်မှုကြီးကြပ်ရေးဥပဒေအတိုင်း ဆောင်ရွက်ပေးရန် တောက်လျှောက် တောင်းဆိုခဲ့သည်ကို တွေ့ရပါကြောင်း၊ စိစစ်ရန် ဆောင်ရွက်သည့်အခါတိုင်း နှောင့်ယှက်ခုခံမှုများကို ကြုံတွေ့ရပါကြောင်း။

ဘင်္ဂါလီလူမျိုးများဘက်က ၎င်းတို့သည် ဒီဒေသတွင် မွေးဖွားကြီးပြင်းလာသူများဖြစ်သည်ဟု ထွက်ဆိုကြပါကြောင်း၊ ယင်းကို စိစစ်ကာ မှန်ကန်ပါက အခြားမြန်မာနိုင်ငံသားများ ရသင့်ရထိုက်သည့်အခွင့်အရေး ရသကဲ့သို့ ၎င်းတို့ကိုလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လွတ်လပ်စွာ သွားလာခွင့်ရရှိရေး စသည့်အခွင့်အရေးပေးမည်ဆိုပါက စိစစ်ခံသွားမည်ဖြစ်ကြောင်း ဆွေးနွေးလာကြသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ယခု ရှိနေသည့် အဆိုပါဒုက္ခသည် တစ်သိန်းနှစ်သောင်းကျော်၏ စားဝတ်နေရေးကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းအနေဖြင့် ရေရှည် တာဝန်ယူပေးနိုင်ရေးခက်ခဲမည်ဖြစ်သည့်အတွက် နိုင်ငံတကာအကူအညီများဖြင့် ယာယီပံ့ပိုးဆောင်ရွက်နိုင်ပေသော်ငြား ရေရှည်တွင် ယင်းအချက်သည် သင့်တော်သည့်အဖြေမဟုတ်ခြင်းကို အားလုံးက လက်ခံထားပြီးသား ဖြစ်ပါကြောင်း။

ထို့အတွက် စခန်းများအတွင်းမှာရှိသည့် နှစ်ဖက်အဖွဲ့အစည်း၏ ဘေးဒုက္ခများကို ယခု ယာယီနေရာချထားသည့် အခြေအနေမှစပြီး အမြဲတမ်းပြန်လည်နေရာချထားနိုင်စေရန်၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်စေရန်၊ လူမှုစီးပွားဘဝ ပြန်လည်မြင့်တက်လာစေရန်၊ နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်စွာ နေထိုင်သွားနိုင်စေရန် ရေးဆွဲထားသည့် လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်သွားရမည် ဖြစ်ပါကြောင်း။

သို့မှသာလျှင် ကုလသမဂ္ဂ မျက်နှာစာ၊ နိုင်ငံတကာမျက်နှာစာ စသည့် ပြည်တွင်း၊ ပြည်ပ မျက်နှာစာတွင် ရခိုင်ပြည်နယ် အရေးအခင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အထင်မှား အမြင်မှားဖြင့် စွပ်စွဲနေခြင်းမျိုး ရှောင်ရှားနိုင်ပြီး ရခိုင်ပြည်နယ်ကိုလည်း မြန်မာနိုင်ငံ၏ ဒုတိယအဆင်းရဲဆုံး ပြည်နယ်အဖြစ်မျိုးမှ ကျော်လွှားသွားစေနိုင်မည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ပေါ်လာရသည့် အခြေခံဇာစ်မြစ်တစ်ခုဖြစ်သည့် လက်ရှိဘင်္ဂါလီလူမျိုးများ တရားဝင်/မဝင် ခွဲခြားဖော်ပြနိုင်စေရန် ရှေးဦးစီမံချက်အနေဖြင့် မြေပုံမြို့တွင်ရှိသည့် ဘင်္ဂါလီလူမျိုးများကို သေချာကျနစွာစိစစ်ရန် ဖိတ်ခေါ်ခဲ့ရာ၌ ယခုဆိုပါက လူပေါင်း ၁၀၉၄ ဦး ပဏာမစိစစ်ခဲ့ပြီး ဆက်လက်စိစစ်နေဆဲဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ပါတည်း စီမံဆောင်ရွက်သွားပါမှ ရေရှည် တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ထို့အပြင် ယင်းကယ်ဆယ်ရေးစခန်းများကို နိုင်ငံတကာအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီခေါင်းစဉ်နှင့်ပင် ထောက်ပံ့နေမည်ဆိုပါက ဘေးဒုက္ခသည်များသော ဘင်္ဂါလီလူမျိုးစုဘက်ကိုသာ ပိုမိုဦးတည်သွားနေမည်ဖြစ်ကာ ဒေသခံရခိုင်လူမျိုးများနှင့် ဆက်လက် သဘောထားကွဲလွဲနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ အပါအဝင် ရခိုင်ပြည်နယ်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရေရှည် နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်လာရေးကို အထောက်အကူပြုစေရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီများ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လက်ရှိမြေပြင်အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့တွင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေး စသည်တို့ကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံမဟာဗျူဟာစီမံကိန်းလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗဟိုကော်မတီအတွင်းရေးမှူးတို့က ကော်မတီအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း ကျန်းမာရေးဆိုင်ရာ မြှင့်တင်စောင့်ရှောက်ပေးနိုင်ရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်ကော်မရှင်စည်းဝေး

နေပြည်တော် ဩဂုတ် ၈

အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက် ကင်းမဲ့ရေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် ကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I) ၌ ကျင်းပရာ **(ဝဲပုံ)**အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်သည့် နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်း တိုးတက်မှုအခြေအနေကို ပြန်လည် သုံးသပ်ခဲ့ကြသည်။

ထို့အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံကြီး ငါးနိုင်ငံမှ အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန်ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်ကို ခြွင်းချက်မရှိ ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရန် အဆိုပါနိုင်ငံများနှင့် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မည့် ၂၀၁၅ ခုနှစ်တွင် မဏ္ဍိုင်သုံးရပ်စလုံး၌ လူ့အခွင့်အရေးကိစ္စများ ထည့်သွင်းဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြခြင်း၊ ကော်မရှင်၏ ငါးနှစ်လုပ်ငန်းစဉ်/ဦးစားပေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း၊ ကော်မရှင်အနေဖြင့် ပထမဆုံးအကြိမ် ဆောင်ရွက်ပြီးစီးခဲ့သည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ရှိမှု၊ ဘာသာရပ်ဆိုင်ရာ လေ့လာခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

အိုးအိမ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိမ်ရာများတွင် ကွပ်ကဲရေးစနစ်ခိုင်မာစွာတည်ဆောက်ရန်လိုအပ်

နေပြည်တော် ဩဂုတ် ၈

မြို့ပြနှင့် အိမ်ရာစီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးကျော်လွင်၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးဦးစိုးတင့်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ခေတ်အဆက်ဆက်အိမ်ရာဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှုများ၊ မြို့သစ်များ ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်နေမှုများ၊ ဖော်ထုတ်ပြီး စက်မှုဇုန်များ၏ အခြေအနေများ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ရပ်ကွက်များအဆင့်မြှင့်တင်ခြင်း၊ လူနေရပ်ကွက်သစ်များ စနစ်တကျ ဖော်ထုတ်နေရာချထားခြင်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ တည်ဆောက်ခြင်း၊ တဲပေါ်မှ တိုက်ပေါ်တင်ပေးသည့် အိမ်ရာစီမံကိန်းများ၊ မြို့သစ်များ၊ ဆင်ခြေဖုံးရပ်ကွက်များတွင် Social Infrastructures များ တည်ဆောက်မှုများ၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် စက်မှုဇုန်၊ စက်မှုမြို့တည်ဆောက်ခြင်းများ၊ Commercial Area ပါဝင်သည့် မြို့ပြအိမ်ရာစီမံကိန်း ဆောင်ရွက်ခြင်းများ၊ လုံးချင်းအိမ်ရာနှင့် အဆင့်မြင့်အိမ်ရာများပါဝင်သည့် အိမ်ရာစီမံကိန်း ဆောင်ရွက်ခြင်းများ၊ ရေရရှိရေးစီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်မှုများ၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနလှည့်ပတ်ရန်ပုံငွေမှ နိုင်ငံတော်ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းခဲ့မှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ပြီးတန်ဖိုးနည်း၊ တန်ဖိုးလတ်အိမ်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များအပေါ်အခြေခံ၍ မြေဧရိယာအလိုက်ထွက်ရှိနိုင်မည့် အခန်းအရေအတွက်နှင့် ဆောက်လုပ်မှုကုန်ကျစရိတ်ခန့်မှန်းခြင်းများ၊ (၂၀၁၄-၂၀၁၅)၊ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အကျိုးတူအိမ်ရာစီမံကိန်းများဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးသည့်ဒေသများတွင် မြို့ပြဒေသစီမံကိန်းရေးဆွဲခြင်းများ၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံ၏တိုးတက်လာမည့် လူဦးရေအချိုးတွင် နေထိုင်မှုနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် မြို့ပြအိမ်ရာစီမံကိန်းများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဤအိမ်ရာစခန်း တည်ဆောက်ရေးစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက်ဖြစ်ပြီး ပြည်သူများဆက်သွယ်သွားလာမှု လွယ်ကူရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများနှင့်အတူ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကိုပါ အထူးအလေးထား ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများနှင့်ပတ်သက်၍ ပြည်သူလူထု ပွင့်လင်းမြင်သာစေရန်ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်းနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိမ်ရာများတွင် ကွပ်ကဲရေးစနစ်ခိုင်မာစွာ တည်ဆောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြို့ပြအိမ်ရာစီမံကိန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြသော်လည်း နောင်တွင် ရေရှည်စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပြီး အိမ်ရာများတွင် ရှိသင့်ရှိရမည့် အဆောက်အအုံများနှင့် သတ်မှတ်နေရာများကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ဆဲကာလနှင့် အနားယူသွားမည့်ကာလများတွင် နေထိုင်ရေးအဆင်သင့်ဖြစ်စေရန် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ၌သာမက သက်ကြီးရွယ်အို စောင့်ရှောက်မှုပံ့ပိုးမှုများကိုလည်း လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် မြို့ပြနှင့် အိမ်ရာစီမံကိန်းဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဒေါ်မီမီတင်

ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် ရေသန့်ဌာန



ကျွန်မတို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ ပြည်သူတွေရဲ့ အိမ်ရာလိုအပ်ချက်တွေ၊ အထူးသဖြင့် ဝင်ငွေအလယ်အလတ်ရှိသူတွေနဲ့ ဝင်ငွေနည်းပြည်သူတွေရဲ့ အိမ်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တန်ဖိုးနည်းအိမ်ရာတွေနဲ့ တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့ အရှိန်အဟုန်နဲ့ကြိုးစားဆောင်ရွက်နေတဲ့ ဌာနဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေရှိတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေဟာအိမ်ရာဝယ်ယူရာမှာ ကနဦးပေးသွင်းရမယ့်ငွေနဲ့ အရစ်ကျပြန်လည်ပေးသွင်းရမယ့်ငွေတွေကို အထောက်အပံ့ဖြစ်စေနိုင်တဲ့ တစ်ဦးချင်းငွေစုဆောင်းတတ်တဲ့ အလေ့အထကို သိရှိနားလည်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ဝင်ငွေနည်းသူတွေအနေနဲ့ ပုံမှန်စုဆောင်းခြင်းမျိုးမဟုတ်ဘဲ စုဆောင်းရန်အခွင့်သင့်တဲ့အခါတိုင်း စုဆောင်းထားခြင်းဖြင့် တစ်စိတ်တစ်ဒေသအထောက်အကူရနိုင်မှာဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေရရှိသူတွေ၊ ဝင်ငွေနည်းမိသားစုတွေနဲ့ ဝန်ထမ်းရဲ့ စုဆောင်းငွေတွေအပေါ် အလုပ်ရှင်ဘက်က အခြားနိုင်ငံတွေနည်းတူ သင့်လျော်တဲ့ငွေကြေးကို ထောက်ပံ့ခြင်းအားဖြင့်လည်း တစ်ကြိမ်တည်း ငွေလုံးငွေရင်းသုံးစွဲရတဲ့အခက်အခဲအစား ပိုင်းခြားထည့်ဝင်သုံးစွဲထောက်ပံ့ပေးတဲ့ စနစ်ဟာလည်း အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးမှာ များစွာအထောက်အကူပြုနိုင်ပါတယ်။

အိမ်ရာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အိမ်ရာလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံတော်ရဲ့ လှည့်ပတ်ရန်ပုံငွေလို ရန်ပုံငွေထားခွင့်ပြုခြင်း၊ အဆောက်အအုံစရိတ်တွေအတွက် ဘတ်ဂျက်ကထောက်ပံ့ခြင်းနဲ့ CPF Fund လိုFund တစ်ရပ်တည်ထောင်ပြီး အိမ်ရာဝယ်ယူတဲ့နေရာမှာ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။

ဒေါ်အေးအေးမြင့်

ညွှန်ကြားရေးမှူး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျွန်မတို့မြန်မာနိုင်ငံရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမူဘောင်ဖြစ်တဲ့ ရန်ကုန်နဲ့မန္တလေး အဓိကဗဟိုချက်မနှစ်ခု ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ဘက်စုံဒေသ အနှံ့အပြား ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွေနဲ့အညီ လူဦးရေတစ်သိန်းအထက်ရှိတဲ့ မြို့ကြီးတွေ၊ ငါးသောင်းအထက်ရှိတဲ့မြို့ကြီးတွေနဲ့ လူမှုစီးပွားရေးအရ ဖွံ့ဖြိုးမှုအလားအလာအများဆုံးရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမြို့တော်တွေ၊ စီးပွားရေးစင်္ကြံ တစ်လျှောက်မှာရှိတဲ့ မြို့ကြီးမြို့ငယ်တွေ၊ အဓိကသယ်ယူပို့ဆောင်ရေး လမ်းကြောင်းကွန်ရက်အတွင်းမှာရှိတဲ့ လမ်းဆုံမြို့တွေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုထူးခြားတဲ့အခွင့်အလမ်းရှိတဲ့ မြို့ပြဒေသတွေမှာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း လူဦးရေတစ်သိန်းအထက်မြို့ကြီးတွေ နဲ့ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေးအရအရေးပါတဲ့ မြို့ပေါင်း ၅၆ မြို့ရဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရဲ့ လိုအပ်ချက်တွေအရ အခြားသော စီမံကိန်းများကိုလည်း ရေးဆွဲခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းရှိ နယ်မြေဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၂၀၁၂-၂၀၁၆ ခုနှစ်အတွင်း အဓိကအရေးပါတဲ့မြို့ပေါင်း ၈၁ မြို့ရဲ့ မြို့ပြစီမံကိန်းတွေကို ရေးဆွဲသွားဖို့ စီမံလျာထားပါတယ်။ စီမံကိန်းပုံစံတွေကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်အဆင့်ဆင့်ကို တင်ပြအတည်ပြုချက်ရယူခြင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ပါတယ်။

မြို့ပြစီမံကိန်းရေးဆွဲခြင်းဆိုတာ လူမှုစီးပွားဖွံ့ဖြိုးမှုကိုအထောက်အကူဖြစ်စေနိုင်တဲ့ မြေအသုံးချမှုအမျိုးမျိုးကို လျာထားပြီး အခြေခံအဆောက်အအုံတွေကို ရေတို ရေရှည်မျှော်မှန်းချက်တွေနဲ့ လူမှုစီးပွားရေးရှုထောင့်စုံက ဆက်စပ်စဉ်းစား ကြိုတင်စီမံဆောင်ရွက်ခြင်းပါပဲ။ မြို့ပြစီမံကိန်းဆိုတာ ပြည်သူတွေနေထိုင်ဖို့အတွက် သင့်လျော်တဲ့အိမ်ရာစီမံကိန်းအစီအမံတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဘက်စုံပေါင်းစပ်ပါဝင် ရေးဆွဲခြင်းဖြစ်ပါတယ်။ စနစ်ကျတဲ့မြို့ပြတွေအဖြစ် အကောင်အထည်ဖော်နိုင်ဖို့ နယ်မြေဒေသ စီမံကိန်းတွေမှာ လိုအပ်မယ့် Town and Country Planing ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒေါ်မြင့်မြင့်မူ

ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)

ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ နေထိုင်ရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာတွေကို ပိုမိုတည်ဆောက်ပေးရမှာဖြစ်ပါတယ်။ တည်ဆောက်ပြီးအိမ်ရာတွေကို ဝင်ငွေနည်းသူတွေရဲ့ ပေးနိုင်စွမ်းအားတွေအရ နှစ်ရှည်အရစ်ကျစနစ်နဲ့ ရောင်းချပေးဖို့လိုအပ်ပါတယ်။ တည်ဆောက်ဖို့လိုနေတဲ့ ဘဏ္ဍာငွေကြေးတွေအတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရန်ပုံငွေ၊ လှည့်ပတ်ရန်ပုံငွေ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ချေးယူငွေ၊ မြန်မာ့စီးပွားရေးဘဏ်ချေးငွေ၊ နိုင်ငံခြားဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက ချေးငွေတွေနဲ့ဘက်ပေါင်းစုံ ငွေကြေးရှာဖွေစုဆောင်းခြင်းတွေနဲ့အတူ တည်ဆောက်သွားဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ပြီးတဲ့ တန်ဖိုးနည်းအိမ်ရာတွေကို ပုံမှန်ဝင်ငွေ/ဝင်ငွေနည်းပြည်သူတွေ၊ ဝန်ထမ်းတွေကို နှစ်ရှည်အရစ်ကျ ရောင်းချပေးနိုင်ဖို့ အတိုးနှုန်းသက်သာတဲ့ နှစ်ရှည်ချေးငွေတွေရယူပြီး ပြန်လည်ထုတ်ချေးပေးတဲ့စနစ်တွေနဲ့ အကောင်အထည်ဖော်သွားဖို့ ကြိုးပမ်းလျက်ရှိပြီး ဝင်ငွေအလယ်အလတ်ရှိတဲ့ မိသားစုတွေအတွက် တန်ဖိုးသင့်အိမ်ရာစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

တန်ဖိုးနည်းအိမ်ရာတွေမှာ မိသားစုငါးဦးလောက်နေနိုင်တဲ့ အကျယ်အဝန်းနဲ့ရေ၊ လျှပ်စစ်၊ လမ်းစတဲ့ အခြားအခြေခံအဆောက်အအုံတွေ ပြည့်ပြည့်စုံစုံပါဝင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ လူဦးရေ ထူထပ်တဲ့မြို့ကြီးတွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ မြေနေရာရရှိရေးညှိနှိုင်းပြီး နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်ရရှိတဲ့အပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံး ရန်ကုန်မြို့တွင်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Centre Point Tower ကိုးထပ်တွင် ယနေ့ညနေပိုင်းက ကျင်းပရာ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. John Baird၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Mr. Mark McDowell နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံရုံးကို မြန်မာနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်ခြင်းသည် ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ရေရှည်ဆက်ဆံရေးအတွက် ရည်မှန်းထားမှုကိုပြသရာရောက်ကြောင်း၊ ကနေဒါနိုင်ငံအနေဖြင့် အာဆီယံမိတ်ဖက်နိုင်ငံများအပေါ် လေးနက်သော ရည်ရွယ်ချက်ကိုလည်း ဖော်ပြပေးရာရောက်ကြောင်း၊ ကနေဒါနှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံ၏ပွင့်လင်းမြင်သာမှုရှိသော၊ စနစ်တကျဖြစ်သော ဒီမိုကရေစီမူဝါဒများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှုအပေါ် အလေးထားခြင်းဖြစ်ပါကြောင်း၊ ကနေဒါနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်ကျောက်တစ်ခုဖြစ်ပြီး ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် ပါဝင်ကူညီရန် အဆင်သင့်ဖြစ်ပါကြောင်း။

ထို့ပြင် ကနေဒါနိုင်ငံ၏ နိုင်ငံတကာတိုးတက်မှုဆိုင်ရာ ဝန်ကြီးဌာနမှ မြန်မာနိုင်ငံအား နိုင်ငံတကာ ထောက်ပံ့မှုအစီအစဉ်၏ အဓိကနိုင်ငံတစ်နိုင်ငံအဖြစ် ရွေးချယ်ထားကြောင်း၊ နည်းပညာနှင့် စွမ်းဆောင်ရည်များ တာဝန်သိပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းများတွင် ကနေဒါနိုင်ငံအနေဖြင့် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ဖြစ်ကြောင်း၊ ကနေဒါနှင့် မြန်မာနိုင်ငံသည် ဆယ်စုနှစ် နှစ်ခုကြား သံတမန်ဆက်ဆံမှုမရှိခဲ့သော်လည်း နှစ်နိုင်ငံကြားရင်းနှီးခဲ့သော သမိုင်းကြောင်းရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးအား ၁၉၇၀ ပြည့်နှစ်အတွင်း ကနေဒါနိုင်ငံမှ ဆောက်လုပ်ပေးခဲ့ပြီး သာကေတ တံတားကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အရင်းအမြစ်ကဏ္ဍများတွင် ကူညီမှုများရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးဖွင့်လှစ်ပြီးနောက် ပူးပေါင်းဆောင်ရွက်မှုများကို ယခင်ကထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ကနေဒါနိုင်ငံသံရုံးကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.John Baird၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး Mr.Mark McDowell တို့က သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ရေဝင်ရောက်သည့် ကျေးရွာများ ရွှေ့ပြောင်းစဉ် ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း ဩဂုတ် ၇ ရက် နံနက် ၆ နာရီက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နဘဲပင်ကျေးရွာ၊ ကမာကလဲကျေးရွာနှင့် သောင်ကြီးကျေးရွာတို့တွင် ရေအနက်သုံးပေခွဲခန့် ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၉၄ စု၊ အမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၁၈၄ ဦး စုစုပေါင်း ၃၆၈ ဦးတို့မှာ ကျေးရွာများရှိ ဘုန်းကြီးကျောင်းများသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကဝမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များကသွားရောက်၍ လုံခြုံရေးနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

နမ့်ခမ်းမြို့ စည်ပင်သာယာဈေး၌ သတ်မှတ်ချိန်အတွင်း ဆိုင်ကယ်၊ စက်ဘီးဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်

နမ့်ခမ်း ဩဂုတ် ၈

ဇူလိုင် ၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ စည်ပင်သာယာရေးဈေးအတွင်း လူစည်ကားသော ဈေးရောင်းချိန်တွင် ဆိုင်ကယ်များ ဝင်ရောက်ခြင်းနှင့် ပတ်သက်၍ ဖော်ပြပါရှိခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ဈေးဝယ်သူများ၊ ဈေးသွားဈေးလာများ၊ ဆိုင်ကယ်၊ စက်ဘီးများ ဝင်ရောက်ခြင်းမပြုကြရန်နှင့် သတ်မှတ်ထားသော ဆိုင်ကယ်၊ စက်ဘီးအပ်နှံရန်နေရာများတွင် အပ်နှံကြရန်၊ ဈေးသူဈေးသားများက မိမိတို့ရောင်းချမည့် ပစ္စည်းများ၊ ဈေးအတွင်း ဆိုင်ကယ်များ၊ တွန်းလှည်းများ သယ်ယူပို့ဆောင်ကြမည်ဆိုလျှင် ဈေးတာဝန်ခံနှင့် ဈေးကြီးကြပ်ရေးကော်မတီတို့၏ သတ်မှတ်ပေးထားသော အချိန်အတွင်း၌သာ သယ်ယူပို့ဆောင်ကြရန် အသိပေးကြေညာထားပြီး စည်းကမ်းသတ်မှတ်ထားသည်။

ယင်းကဲ့သို့ သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာစေရေးနှင့် ဈေးသွားဈေးလာအများပြည်သူ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်ဆွေနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး မြို့နယ်အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၅ ရက်က ဈေးအတွင်း စစ်ဆေး၍ အသိပညာပေးခဲ့ကြောင်း သိရသည်။ (ဝပုံ)

ဉာဏ်မင်း(နမ့်ခမ်း)

ပြည်တွင်းသတင်းနှင့် ဂျော်ဂြာ

■ ရှေ့ဖုံးမှ

ဈေးပေါက်ပြီး လက်ကားတစ်ပိဿာ ငွေကျပ် ၄၀၀ မှ ၆၀၀ အထိ ဈေးပေါက်နေပါတယ်" ဟု ကလေးမြို့ တာဟန်းရပ်ကွက်ရှိ ချင်းတောင် ကြက်သွန်နီပွဲရုံတစ်ခုက ပြောကြားသည်။

လက်ရှိတွင် မြန်မာ-အိန္ဒိယ နယ်စပ်၌ အိန္ဒိယဘက်မှကုန်သည်များ အနေဖြင့် ကြက်သွန်နီတစ်ကီလိုလျှင် ၂၇၊၂၈ ရူပီးခန့်ပေး၍ ဝယ်ကြပြီး ကြက်သွန်နီကို အများအပြားဝယ်ယူလိုကြကြောင်း၊ ဇူလိုင်လအတွင်း တမူးနယ်စပ်ကုန်သွယ်ရေးမှ အိန္ဒိယသို့ ကြက်သွန်နီ ၈၅ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၈၀ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ချင်းတောင်ဘက်မှလာသည့် ကြက်သွန်နီများမှာ ဈေးအနည်းငယ် ပိုပေးရကြောင်း၊ အိန္ဒိယနိုင်ငံက ကြက်သွန်နီဝယ်ယူမှုများလာသော်လည်း တမူးနယ်စပ်ဘက်တွင် ကြက်သွန်နီဈေးနှုန်းများမှာ ပုံမှန်အနေအထားတွင် ရှိကြောင်း၊ အိန္ဒိယမှ မှာယူမှုများသောကြောင့် အညာဘက်တွင် ကြက်သွန်နီဈေး အနည်းငယ် မြင့်တက်လာခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း အိန္ဒိယက မှာယူမှုများပြီး တစ်ရက်လျှင် တန်ချိန် ၅၀ ကျော် တင်ပို့နေရကြောင်း တမူးမြို့နယ်မှ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

နေစု(ချင်းရိုးမ)

❄ ကျောဖုံးမှ

ကမ္ဘောဇ-ဧရာဝတီ

အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် အသင်းများ ဖြစ်သလို အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်သောကြောင့် အကြိတ်အနယ်ရှိပေလိမ့်မည်။ ကမ္ဘောဇအသင်းက ချန်ပီယံမျှော်လင့်ချက်အတွက်၊ ဧရာဝတီအသင်းက ဂုဏ်သိက္ခာပိုင်းအတွက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမား အစုံအလင်နီးပါး ပါဝင်မည်ဖြစ်ပြီး ပထမအကျော့တွေ့ဆုံစဉ်က ဧရာဝတီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

ဖေယျာရွှေမြေ-ရန်ကုန်

ယခုပွဲမှာ မူလက ဩဂုတ် ၁၀ ရက်တွင် မုံရွာကွင်း၌ ကျင်းပရန် စီစဉ်ထားသည့်ပွဲဖြစ်ပြီး ဩဂုတ် ၁၂ ရက်တွင် သုဝဏ္ဏကွင်းသို့ ပြောင်းလဲကစားမည်ဖြစ်သည်။ ခြေစွမ်းပိုင်းအရ ရန်ကုန်အသင်းသာသလို ထိပ်ဆုံးမှ ရတနာပုံကို အမီလိုက်ရန် အမှတ်လျှော့ခံမည်မဟုတ်ပေ။ ဖေယျာရွှေမြေအသင်းမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသေးဘဲ ရန်ကုန်အသင်းကို အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။

(၂၀၁၄-၂၀၁၅) ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော ဘဏ္ဍာငွေများသုံးစွဲရေးအတွက်ခွဲဝေမှုစာရင်း

ကျပ်(သန်းပေါင်း)

စဉ်	ဌာန	သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်				သာမန် + ငွေလုံးငွေရင်း အသုံးစရိတ်
			ဆောက်လုပ်ရေး	စက်ပစ္စည်း	အခြား	စုစုပေါင်း	
၁။	ဝန်ကြီးရုံး	၅၁၀.၇၅၇	၁၀၁.၅၁၀	၅၀.၀၀၀	၅.၈၄၂	၁၅၇.၃၄၂	၆၆၈.၀၉၉
၂။	ကျန်းမာရေးဦးစီးဌာန	၃၅၉၇၅.၇၄၄	၁၀၃၃၄၀.၇၃၄	၁၀၆၉၈၀.၀၉၈	၁၀၀.၀၀၀	၂၁၀၄၂၀.၈၃၂	၂၄၆၃၉၅.၅၇၆
၃။	ဆေးသိပ္ပံပညာဦးစီးဌာန	၁၄၀၉၁.၃၄၈	၃၂၀၇၇.၇၂၇	၃၄၆၅.၄၉၂	၁၁၄.၈၃၀	၃၅၆၅၈.၀၄၉	၄၉၇၄၉.၃၉၇
၄။	တိုင်းရင်းဆေးပညာဦးစီးဌာန	၃၇၅၉.၂၇၈	၁၇၆၄၁.၂၄၀	၉၉၉.၈၆၀	-	၁၈၆၄၁.၁၀၀	၂၂၄၀၀.၃၇၈
၅။	ကျန်းမာရေးစီမံကိန်းဦးစီးဌာန	၁၃၆၈.၄၈၁	-	၄၂၅.၉၃၀	-	၄၂၅.၉၃၀	၁၇၉၄.၄၁၁
၆။	ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)	၁၆၇၈.၈၃၀	၁၉၀.၀၀၀	၁၀၈၃.၉၄၈	၄၂၂.၂၅၉	၁၆၉၆.၂၀၇	၃၃၇၅.၀၃၇
၇။	ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)	၆၅၁.၂၂၈	၁၄၉.၅၈၅	၃၆၀.၃၂၅	၅.၀၀၀	၅၁၄.၉၁၀	၁၁၆၆.၁၃၈
၈။	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန	၇၄၁.၉၉၃	၁၂၀၀.၀၀၀	၁၇၀၁.၅၆၀	၅၀.၀၀၀	၂၉၅၁.၅၆၀	၃၆၉၃.၅၅၃
	စုစုပေါင်း	၃၈၂၇၇.၆၅၉	၁၅၄၇၀၁.၇၈၆	၁၁၅၀၆၇.၂၁၃	၆၉၇.၉၃၁	၂၇၀၄၆၆.၉၃၀	၆၅၂၇၄၄.၅၈၉

မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ရုပ်ရှင်အသင်းတို့ ရန်ပုံငွေပွဲကစားမည်

ရန်ကုန် ဩဂုတ် ၈

MFF Ooredoo Charity Cup ရန်ပုံငွေဘောလုံးပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့ ခြေစမ်းကစားမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲကို ဩဂုတ် ၉ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ကွင်းဝင်ကြေးများအဖြစ် အထူးတန်း ငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ညီမြတ်သော်တာ

တရားမဝင်ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများစစ်ဆေးတွေ့ရှိ

ရန်ကုန် ဩဂုတ် ၈

နောင်ချိုမြို့ Asia World တိုးဂိတ်အနီး၌ Mobile Team အဖွဲ့က စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဩဂုတ် ၅ ရက် နံနက် ၁ နာရီက Harrier ယာဉ်အမှတ် 9C/....အား စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်တွင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ နှစ်ပတ်လည် ပထမအကြိမ် အထွေထွေအစည်းအဝေး

ဖိတ်ကြားခြင်း

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအနေဖြင့် ကျင်းပပြုလုပ်သော ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

ကျင်းပပြုလုပ်မည့်ရက် - ၁၆-၈-၂၀၁၄ ရက် (စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - ၁၃း၀၀ နာရီ
ကျင်းပပြုလုပ်မည့်နေရာ - ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၁၀-၈-၂၀၁၄ ရက်မှ ၁၆-၈-၂၀၁၄ ရက်အထိ ခေတ္တပိတ်သိမ်းထားပါမည်။အစုရှယ်ယာရှင် တစ်ဦးချင်းထံသို့ ဖိတ်စာများပေးပို့ပါမည်။

CLAIMS DAY NOTICE

M.V CARRERA VOY: NO(1)

Consignees of cargo carried by M.V CARRERA VOY: NO. (1) are here by notified that the vessel will arrive on about 10-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

မခင်နှင်းဆွေ (ဘ)ဦးပန်းခိုင်၊ မှီခို၊ သီးပင်ကျေးရွာ၊ ထရံကာအုပ်စု ပျော်ဘွယ်မြို့နယ်။	နှင့်	ကိုကျော်ကျော်ထက် (ဘ)ဦးညွန့်ဝေ၊ တောင်သူ၊ သီးပင်ကျေးရွာ ထရံကာအုပ်စု၊ ပျော်ဘွယ်မြို့နယ်။
တရားလို		**တရားပြိုင်**

ပျော်ဘွယ်မြို့နယ်၊ ထရံကာအုပ်စု၊ သီးပင်ကျေးရွာနေ ကိုကျော်ကျော်ထက် (ဘ)ဦးညွန့်ဝေတောင်သူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ပျော်ဘွယ်မြို့နယ်၊ သီးပင်ကျေးရွာနေ မခင်နှင်းဆွေက ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သည့်အတွက် လျော်ကြေးငွေကျပ်သိန်း ၁၀၀(ကျပ်သိန်းတစ်ရာတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက် (၁၃၇၆ခုနှစ်၊ တော်သလင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဝင်းယုဆွေ)
မြို့နယ်တရားသူကြီး၊ ပျော်ဘွယ်မြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ကျောင်းစုအုပ်စု သူဌေးကုန်းကျေးရွာနေ မောင်စည်သူနိုင် ၁၄/ကလန(နိုင်)၁၈၂၂၆၉၏ ဖခင်ဦးမြင့်ရွှေ ၁၄/ကလန(နိုင်)၀၂၂၀၅၈နှင့် ဦးမြင့်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ရွှေ(ခ)ဦးမြင့်ဆွေ**

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေး ထိရောက်စွာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်တို့နှင့်အတူ ဩဂုတ် ၇ ရက်နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်အရာရှိချုပ် Mr. Ohno Suichi နှင့် Pre-College Education Network (USA)မှ Professor Dr.James J.De Caron ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးဌာနမှ ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဖွင့်လှစ်ထားသည့် မျက်မမြင်ကျောင်းများ၌ မျက်မမြင်ပညာ သင်ကြားပေးနေမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားသည့် နားမကြားကျောင်းများ၌ နားမကြားပညာရေး လက်သင်္ကေတပညာ သင်ကြားပေးနေမှုအခြေအနေများ၊ အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော် ၂၀၁၄ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ဗီယက်နမ်နိုင်ငံသို့ မျက်မမြင်ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လေ့လာရေးခရီးသွားရောက်ရေး ကိစ္စရပ်များ၊ မျက်မမြင် အကြောပြင်ပညာ သင်တန်းကျောင်းအတွက် သင်ရိုးဆိုင်ရာ ကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များအဖြစ် မသန် စွမ်းသူများဆိုင်ရာ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ယခင်ကထက်ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဘဝနှင့် စီးပွားရေးပြောင်းလဲမှုလုပ်ငန်းများ အထောက်အကူပြု အလုပ်သင်အတိုင်ပင်ခံ တစ်နှစ်သင်တန်း အခမဲ့ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထောက်အကူပြုသော အတိုင်ပင်ခံအကြံပေးများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အလုပ်သင်အတိုင်ပင်ခံများ (Trainee Consultants)အဖြစ် လေ့ကျင့်ပျိုးထောင်ပေးမည့် (Training and skills for aspiring development practitioners) အစီအစဉ်အတွက် ဗြိတိသျှကောင်စီ(မြန်မာ)မှ လျှောက်လွှာများ စတင်ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် ပါဝင်ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံ၏ လူမှုဘဝနှင့် စီးပွားရေးပြောင်းလဲမှု လုပ်ငန်းများအတွက် လိုအပ်သော စွမ်းရည်များ၊ နည်းပညာများဖြစ်သည့် အလုပ်ခွင်သင်တန်း၊ အတိုင်ပင်ခံအကြံပေးလုပ်ငန်းသုံး စကားအသုံးအနှုန်းများနှင့် လက်တွေ့လုပ်ငန်းခွင်ဝင်ဆောင်ရွက်ချက်များကို အတွေ့အကြုံရှိ သင်တန်းဆရာများ၏ ပို့ချချက်များနှင့်အတူ လေ့ကျင့်သင်ကြားခွင့် ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်ခွင့် ရရှိသူများအနေဖြင့် အခမဲ့တက်ရောက် ရမည်ဖြစ်ရာ သင်တန်းကာလအတွင်း ကျွမ်းကျင်မှုဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များအတွက် ကုန်ကျစရိတ်များနှင့် အခြားလိုအပ်သည်များကို ဗြိတိသျှကောင်စီ (မြန်မာ)မှ ပံ့ပိုးပေးသွားမည့်အပြင် သင်တန်းကာလအချိန်ပြည့် တက်ရောက်ရမည်ဖြစ်သည်။

လျှောက်ထားသူများအနေဖြင့် စီးပွားရေး၊ လူမှုရေးသိပ္ပံ၊ ပညာရေး၊ ဥပဒေနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း မြှင့်တင်မှုဆိုင်ရာ ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူများ၊ မဟာဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက www. britishcouncil. org. mm/ development opportunities သို့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၂ ရက် နောက်ဆုံးထား ၍ Online မှ လျှောက်ထား ရမည် ဖြစ်ကြောင်း သိရသည်။ **မိုးသူ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၈-၈-၂၀၁၄

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၂၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၅၀၀

စက်သုံးဆီစျေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၄
ဥရောပ	တစ်ယူရို	၁၂၉၄-၁၃၁၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း

မိုးဆန်(ဧည့်မထအသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၇၀-၁၅၇၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၀၀-၁၈၀၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိဿာ	၁၃၇၅-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၃၂၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅၀၀-၂၆၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၄၀

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

မဟာဗန္ဓုလလမ်းပေါ်၌ ယာဉ်တိုက်မှုနှစ်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၈

ယနေ့ နံနက် ၄ နာရီခန့်က မဟာဗန္ဓုလလမ်းပေါ် လမ်းသစ်လမ်းထိပ်တွင် လမ်းလယ်ဓာတ်တိုင် ဝင်တိုက်သော ယာဉ်တိုက်မှုနှင့် နံနက် ၄ နာရီခွဲဝန်းကျင်တွင် မဟာဗန္ဓုလလမ်းပေါ် ၁၄ လမ်းထိပ်တွင် ဆိုက်ကားတစ်စီးကို ဝင်တိုက်ပြီး မောင်းနှင်ထွက်ပြေးသည့် ယာဉ်တိုက်မှုနှစ်မှုဖြစ်ပွားခဲ့ကြောင်း ဖြစ်စဉ်များကို မြင်တွေ့ခဲ့သူများက ဆိုသည်။

ယာဉ်မောင်း ပြည့်စုံစိုး(၂၇နှစ်) မောင်းနှင်လာသည့် ၇ဂ/--- ယာဉ်သည် မဟာဗန္ဓုလလမ်းလယ် ဓာတ်တိုင်အခြေအုတ်ခုံကို ဝင်တိုက်မိရာ ယာဉ်ငယ်အရှေ့ပိုင်း ပျက်စီးသွားပြီး ကားပေါ်ပါလာသူနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ပေးခဲ့ရသည်ဟု မြင်တွေ့ခဲ့ရသူတစ်ဦးက ဆိုသည်။ **(ယာပုံ)**

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီး အချိန်အနည်းငယ်အတွင်း အနောက်မှ အရှေ့သို့ မဟာဗန္ဓုလလမ်းအတိုင်း မောင်းနှင်လာသော ခရီးသည်တင် ယာဉ်ငယ်တစ်စီးက ဆိုက်ကားကို ဝင်တိုက်မိရာ ဆိုက်ကားနင်းသူ ကိုသက်ခိုင်(၃၅ နှစ်)မှာ ဦးခေါင်းပိုင်းထိခိုက်ခဲ့သဖြင့် ဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။ တိုက်မိသည့် ယာဉ်မှာ ထွက်ပြေးမောင်းနှင်သွားကြောင်း မြင်တွေ့သူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြ လမ်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာ (၁၃၁၇-၇၅)တန်ကို ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူနိုင်မည့်နေ့ရက်** - ၁၈-၈-၂၀၁၄ရက် (တနင်္လာနေ့)
အချိန်၊ နာရီ - နံနက်(၉း၃၀)နာရီမှ ညနေ(၄း၃၀)နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်** - ၂၆-၈-၂၀၁၄ ရက် (အင်္ဂါနေ့)
အချိန်၊ နာရီ - နံနက်(၉း၃၀)နာရီမှ ညနေ(၄း၃၀)နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာအား ထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ(၁)တန်စျေးနှုန်း၊ ကတ္တရာ(၁)တန်တွင် ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty) ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာအရည်အသွေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာ အရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

Specific Gravity @ 25/25 deg C	1.01-1.04	D-20
Penetration@ 25 deg C	80-100	D-5
Softening Point deg C	43-48	D-36
Ductility at 25 deg C (cm)	100 Min;	D-113
Loss on Heating (%)	0.5 Max;	D-6
Droap in Penetration after Heating Point	20 Max;	D-5
Flash Point deg C	220 Min;	D-92
Solubility in Trichloroethane % wt	99.5 Min;	D-2042
Organic Matter in Soluble in Trich wt	0.2 Max;	D-2042
Wax Content PCT	2.0 Max;	DIN-52015

၃။ တင်သွင်းမည့်ကတ္တရာစျေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး(အထိုင်စျေးပေါ်တွင်) ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကို ခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များအား သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)ဖောင်းပြင်မြို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သောအောက်ဖော်ပြပါတည်ဆောက်ရေး ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	အုတ်	၂၀၅၈၁၈၉ ချပ်
၂။	ကျောက်ရောမြေ	၂၅၇၆၃ ကျင်း
၃။	အခြားသား(၁")ထုအထက်	၂၁၇.၄၆၄ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၁-၈-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁၁-၈-၂၀၁၄ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)၊ ဖောင်းပြင်မြို့၊ ဖုန်း-၀၁၀-၄၂၁၇၁၅၀

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

" မုတ်သုံရာသီ အထူးလျှော့စျေး "
လူကြီးမင်းတို့ထင်မှတ်မထားသောစျေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။
ယာဉ်ဝယ်ယူခွင့် ပါမစ်ရှိသူတိုင်း ⇨ ကားတစ်စီး (၃၅) သိန်း (၃) စီးလျှင် (၁၀၀) သိန်း
BPS Billion Power Services Co., Ltd
CAR SALE CENTRE
ညှိနှိုင်းရောင်းချမည့် ကားများလည်းရှိပါသည်။
အမှတ် (၅၃), ပြည်လမ်း,(၉) မိုင်, မရမ်းကုန်းမြို့နယ်, ရန်ကုန်မြို့။ ဖုန်း- 09- 431 66 888, 431 44 888, 431 35 888. www.bas.com.mm/ www.madeinmyanmar.com.mm

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်၌ လူကိုရန်ပြု၍ အိမ်တွင်းပစ္စည်းလုယူ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၂) ရပ်ကွက် စစ်တောင်းရိပ်မွန်ရတနာလမ်း တိုက် ၂၂ တွင် လူကိုရန်ပြု၍ အိမ်တွင်းပစ္စည်းများလုယူခံရမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက်က (၉၂) ရပ်ကွက် စစ်တောင်းရိပ်မွန်ရတနာလမ်း တိုက် ၂၂ တွင်နေထိုင်သော ဒေါ်မြင့်မြင့်ဝင်း(၄၈ နှစ်)သည် နံနက် ၉ နာရီက နေအိမ်မှ ထွက်သွားရာ သားဖြစ်သူ ထွန်းသူရအောင်နိုင်(၁၅နှစ်) တစ်ဦးတည်းနေအိမ်တွင် ကျန်ရစ်ခဲ့သည်။ ယင်းနေ့ ညနေ ၅ နာရီခွဲက နေအိမ်တိုက်ခန်းသို့ ဒေါ်မြင့်မြင့်ဝင်း ပြန်ရောက်လာစဉ် အိမ်တံခါးပေါက် တံခါးနှစ်ထပ်ရှိသည့်အနက် အရှေ့ဘာဂျာ သံတံခါးမှာ သော့ခတ်လျက်တွေ့ရှိပြီး ဒုတိယအနောက်ဘက်ရှိ သစ်သားတံခါး တစ်ချပ်ပွင့်ဟနေ၍ နေအိမ်တိုက်ခန်းအတွင်းသို့လှမ်းကြည့်ရာ နေအိမ်တိုက်ခန်းအတွင်းရှိ အဝတ်ဗီရိုမှာ ပွင့်နေပြီး အဝတ်အထည်များမှာလည်း ပွကြဲနေသည်ကိုတွေ့ရှိရ၍ သားဖြစ်သူကိုလှမ်းခေါ်ရာ ပြန်မထူးသည့်အတွက် အပိုဆောင်ပါလာသော သော့ဖြင့်ဖွင့်ပြီး အတွင်းသို့ ကြည့်ရှုစစ်ဆေးရာ ရေချိုးခန်းသေတ္တာနှင့်ဗီရိုကြားတွင် သားဖြစ်သူကို တွေ့ရှိ၍ စွပ်ကျယ်လက်ပြတ် အဖြူတစ်ထည် ပါးစပ်တွင် ချည်နှောင်ထားပြီး ငါးမူးလုံးခန့် ဖယောင်းတိုင်ကို ပါးစပ်ထဲတွင် ထိုးထည့်ထားသည့် အနေအထားဖြင့် သတိမေ့မြောနေသည်ကိုတွေ့ရှိ၍ ပါးစပ်ထဲမှ ဖယောင်းတိုင်များထုတ်ယူပြီး ပါးစပ်တွင်ချည်နှောင်ထားသော စွပ်ကျယ်ကိုချွတ်ကာ သားဖြစ်သူကို လှုပ်နှိုး၍ မေးမြန်းကြည့်ရာမှ ညနေ ၃ နာရီက သစ်သားတံခါးပိတ်ပြီး ထမင်းစားရန်ပြုလုပ်နေစဉ်အတွင်း အမည်မသိ အမျိုးသား သုံးဦးရောက်ရှိလာပြီး လူနှစ်ဦးက လက်ကို တစ်ယောက်တစ်ဖက် အတင်းဖမ်းချုပ်ထားပြီး ကျန်တစ်ဦးက လက်ဖြင့် ဦးခေါင်းနောက်စေ့ကို ရိုက်ချခဲ့ကြောင်း ပြောဆိုခဲ့သည်။ အိမ်ရှင် ဒေါ်မြင့်မြင့်ဝင်း (၄၈နှစ်) အိမ်တွင်း၌ထားသော လက်ဝတ်ရတနာ ပစ္စည်းမျိုးစုံနှင့် ငွေကျပ် ၈၅ သိန်းကျော် ပျောက်ဆုံးနေ၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

(ဝ၈၁)

၂၂ ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိပြီး အမျိုးသမီးပွဲချင်းပြီးသေဆုံး

တောင်ငူ ဩဂုတ် ၈

တောင်ငူမြို့ ကန်ရိုးကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းတွင် ဩဂုတ် ၂ ရက် ညနေ ၃ နာရီခန့်က ၂၂ ဘီးကုန်တင်ယာဉ်နှင့် အမျိုးသမီးတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူ အမျိုးသမီးမှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ ကန်ရိုးကျေးရွာနေ မထက်ထက်အောင်(၂၅နှစ်)သည် ၉ယ/---ကန်ဘိုဆိုင်ကယ်ကို ကားလမ်းအတိုင်း မြောက်မှတောင်သို့ စီးနင်းမောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၁၇၆/၁နှင့် ၂အကြားအရောက် တောင်ဘက်မှ မြောက်ဘက်သို့ ယာဉ်မောင်း ကောင်းထက်ကျော်(၂၃နှစ်) ဘူတာလမ်း ဘုရားကြီးမြို့နေသူ မောင်းနှင်လာသည့် 6C/ ---SAMSUNG အမျိုးအစား ၂၂ ဘီးကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူ မထက်ထက်အောင်၏ တင်ပါးနှင့်ပေါင်ရင်းတို့ကိုကြိတ်မိပြီး နေရာ၌ပင် သေဆုံးသွားခဲ့၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းသတင်းနှင့် ဖော်ပြ

မြေတူးကရိန်းယာဉ် လဲကျတိမ်းမှောက်စဉ် ပိမိသဖြင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ရန်ကုန် ဩဂုတ် ၈

ပန်းဘဲတန်းမြို့နယ်အတွင်း ဩဂုတ် ၆ ရက် ညနေပိုင်းက မြေတူးကရိန်းယာဉ် လဲကျတိမ်းမှောက်စဉ် ပိမိသဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းဘဲတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပန်းဘဲတန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ ဆောက်လုပ်ရေးဝင်းတွင် မြေတူးကရိန်းယာဉ် လဲကျပိမိသဖြင့် အမျိုးသားနှစ်ဦးမှာ ဒဏ်ရာရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ရောက်ရှိလာကြောင်း သတင်းအရ ဩဂုတ် ၆ ရက် ည ၁၀ နာရီ မိနစ် ၅၀ က သွားရောက်စစ်ဆေးခဲ့ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လုံခြုံရေးဝန်ထမ်းများဖြစ်ကြသော ဦးခင်မောင်ထွန်းသည် ဒဏ်ရာများနှင့် သေဆုံးနေသည်ကိုတွေ့ရပြီး ဦးဝင်းစိုးတွင် ဒဏ်ရာများရရှိကာ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်ကို စုံစမ်းရာ ယင်းနေ့ ည ၁၀ နာရီ ၁၅ မိနစ်ခန့်က အဆိုပါလုပ်ငန်းခွင်မှ မြေတူးကရိန်းယာဉ်မောင်း ချစ်မင်းဦးသည် မြေတူးကရိန်းယာဉ်ကို နောက်ဆုတ်စဉ် မြေကျင်းဟောင်းအတွင်းသို့ ဝဲဘက်ချိန်းကျွံကျပြီး လဲကျတိမ်းမှောက်ခဲ့ရာ လုံခြုံရေးဂိတ်တဲပေါ်သို့ ပိမိသဖြင့် ဦးခင်မောင်ထွန်းနှင့် ဦးဝင်းစိုးတို့တွင် ဒဏ်ရာများရရှိခဲ့၍ ဆေးရုံသို့ ပို့ဆောင်စဉ် ဦးခင်မောင်ထွန်းမှာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ယင်းကဲ့သို့ ဖြစ်ပွားခဲ့သည့်အတွက် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ လှိုင်မြို့နယ်နေ ချစ်မင်းဦး(၂၄ နှစ်)ကို ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပျဉ်းမနား သံဃာ့ဆေးရုံသို့ မျက်စိစမ်းသပ်ခွဲစိတ်ကုသသူများအား ရေသန့်ဘူးနှင့်မုန့်များလှူဒါန်း

ပျဉ်းမနား ဩဂုတ် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာန ဝိဟာရ(သံဃာ့ဆေးရုံ)သို့ ဩဂုတ် ၅ ရက်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့၊ ရွာများနှင့် နေပြည်တော်ကောင်စီနယ်မြေအနီး မြို့၊ ရွာကျေးလက်များမှ မျက်စိစမ်းသပ်ကုသခွဲစိတ်ရန် လာရောက်ပြသကြသော မျက်စိဝေဒနာရှင် လူနာများကို နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များက ရေသန့်ဘူးနှင့် မုန့်များလှူဒါန်းကြပြီး လူနာများအား လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဆက်လက်၍ ဩဂုတ် ၉ ရက်အထိ မျက်စိစမ်းသပ်ခွဲစိတ်မည့် လူနာများကို စမ်းသပ်မှုများပြုလုပ်ရာတွင် အမျိုးသမီးရေးရာအဖွဲ့မှ ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

ကြော်ငြာ

မိုဘိုင်းဖုန်းသုံးစွဲသူများအတွက်

Friends and Family Service ဝန်ဆောင်မှု Promotion အစီအစဉ်

သူငယ်ချင်း/မိတ်ဆွေ/မိသားစုဝင်တို့၏ မိုဘိုင်းဖုန်းများသို့တစ်မိနစ်လျှင် ၂၅ ကျပ် ဖြင့် ခေါ်ဆိုလိုက်ပါ

ယခုနှစ် ဩဂုတ်(၃၁)ရက်နေ့အထိ Friends and Family Service ဝန်ဆောင်မှု Promotion အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြိုတင်ငွေဖြည့်ကတ်သုံး Prepaid GSM / WCDMA ဖုန်းသုံးစွဲသူများမှ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ပါသည်။ ဤအစီအစဉ်တွင်ပါဝင်လိုသူသည် 1331 သို့ Message ပေးပို့ရန်သာ လိုအပ်ပါသည်။

ဤဝန်ဆောင်မှုအစီအစဉ်အတွက် (၂၅၀၀ ကျပ်) ကိုဝန်ဆောင်မှု အသုံးပြုမည့်သူ၏ Prepaid GSM / WCDMA မိုဘိုင်းဖုန်းလက်ကျန်ငွေမှနုတ်ယူမည်ဖြစ်ပါသည်။

(က) ဦးစွာ မိမိမှရွေးချယ်ထားသည့် သူငယ်ချင်း/ မိတ်ဆွေ/ မိသားစုဝင်တို့၏ မိုဘိုင်းဖုန်းနံပါတ်များကို စာရင်းပေးသွင်းနိုင်ရန်အတွက် 1331 သို့ ADD နှင့် (ပေးပို့လိုသောဖုန်းနံပါတ်) ကိုရိုက်၍ Message ပေးပို့ရပါမည်။ နမူနာ- ADD 09XXXXXXX

(ခ) ဖုန်းနံပါတ်များကိုပေးပို့ပြီးသည့်အခါတိုင်းအောက်ပါ Message ကိုလက်ခံရရှိမည်ဖြစ်ပါသည်။ နမူနာ- " Success! you can call 09XXXXXXX for 25 Kyats/min until 2014 - 9 - 30 "

(ဂ) အကယ်၍ မိုဘိုင်းဖုန်းနံပါတ်(၃)ခုထက်ပို၍ ပေးပို့မိပါက အောက်ပါ Messageကို လက်ခံရရှိပါမည်။
နမူနာ- " Sorry you have exceeded friends list, you can add only 3 friends, for more info please call 1876 "

(ဃ) စာရင်းသွင်းပြီး ဖုန်းနံပါတ်များကို ပြန်လည်ကြည့်ရှုလိုပါက မိမိဖုန်းတွင် VIEW ဟုရိုက်၍ 1331 သို့ Message ပေးပို့၍ ကြည့်ရှုနိုင်ပါသည်။
နမူနာ- " Your friend list is = 09XXXXYYY 09YYYYXXX 09YXYXYXY "

(င) စာရင်းသွင်းထားပြီးသော ဖုန်းနံပါတ်ကို အခြား မိုဘိုင်းဖုန်းနံပါတ်နှင့် အစားထိုးပြောင်းလဲလိုပါက မိမိ၏ ဖုန်းတွင် MODIFY (ပေးပို့ပြီးဖုန်းနံပါတ်) (အစားထိုးပြောင်းလဲလိုသောဖုန်းနံပါတ်အသစ်) တို့ကိုရိုက်၍ 1331 သို့ Message ပေးပို့နိုင်ပါသည်။ နမူနာ- MODIFY 09YXYXYXY 09YYYYYYY

(စ) ဖုန်းနံပါတ် ပြောင်းလဲပြီးပါက အောက်ပါ Message ကို လက်ခံရရှိပါမည်။ နမူနာ- " Number 09YYYYYYY is now your new friend list "

သတိပြုရန်အချက်များ

(၁) ဤဝန်ဆောင်မှု အစီအစဉ်အတွက် မှတ်ပုံတင်ခကြေးအဖြစ် (၂၅၀၀) ကျပ်ကို ဝန်ဆောင်မှုအသုံးပြုမည့်သူ၏ Prepaid GSM / WCDMA မိုဘိုင်းဖုန်း လက်ကျန်ငွေမှ နုတ်ယူမည်ဖြစ်ပြီး မိမိ ADD ပြုလုပ်ပေးပို့ထားသော မိုဘိုင်းဖုန်း နံပါတ် များသို့ (တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်းဖြင့်) စတင် အသုံးပြုသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) အတွက် ခေါ်ဆို အသုံးပြုနိုင်မည် ဖြစ်ပါသည်။

(၂) လောလောဆယ် အနေနှင့် Prepaid GSM / WCDMA မိုဘိုင်းဖုန်းများသာ ဦးစွာအသုံးပြုနိုင်ပြီး မိမိ၏ နံပါတ်တစ်ခုလျှင် မိုဘိုင်းဖုန်း နံပါတ် အများဆုံး (၃) ခုကိုသာ ဤဝန်ဆောင်မှုကို ခွင့်ပြုထားပါသည်။ CDMA ဖုန်းကိုင်ဆောင်သူများအတွက်လည်းမကြာမီ အချိန်အတွင်း အသုံးပြုနိုင်အောင် စီစဉ်လျက်ရှိပါသည်။

(၃) 1331 သို့ Message ပေးပို့ခြင်းအတွက် အခမဲ့ ဖြစ်ပါသည်။ သို့သော် လက်ကျန်ငွေ (၂၅၀၀) ကျပ်အနည်းဆုံး ရှိရန်လိုအပ်ပါသည်။

(၄) ADD (သို့မဟုတ်) MODIFY ပြုလုပ်ရာတွင် တစ်ကြိမ်လျှင် မိုဘိုင်းဖုန်းနံပါတ် တစ်ခုသာ ဆောင်ရွက်ရပါမည်။

(၅) စာရင်းပေးသွင်းထားသော ဖုန်းနံပါတ် (၃) ခုအနက် နံပါတ်စဉ် (၁) မှ (၁) ကြိမ်သာ လျှင် အစားထိုး ပြောင်းလဲ အသုံးပြုခွင့် ရှိပါမည်။

(၆) အသေးစိတ်သိရှိလိုပါက www.mcit.gov.mm သို့ဝင်ရောက်ကြည့်ရှုနိုင်ပြီး 1876 သို့ လည်းဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

ဌာနဆိုင်ရာ

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုဆိုင်ရာများနှင့်ပတ်သက်၍ ပံ့ပိုးမှုများကို ရရှိနိုင်မည်

စက်မှုဝန်ကြီးဌာန

တနင်္သာရီတိုင်းဒေသကြီး

၁။ တနင်္သာရီတိုင်းဒေသကြီးမှ "မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်ဒေသတွင် စက်ရုံအသေးစား ၂၀၀ ကျော်ဖြင့် သစ်တိုသစ်စဟောင်းများကို သစ်သားအချောထည်ပစ္စည်းများပြုလုပ်နေပြီး ထိုင်းနိုင်ငံသို့ တင်ပို့လိုသည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် "မောတောင်ဒေသသို့ တနင်္သာရီမြို့နယ်တို့တွင် စွန့်ပစ်သစ်တောထွက်ပစ္စည်းများနှင့် တန်ဖိုးနည်းသစ်များကို အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် လိုအပ်သလို လမ်းညွှန်ပေးနိုင်ခြင်း ရှိ/မရှိ " မေးမြန်းချက်များအပေါ် ဆောင်ရွက်ပေးမှုအခြေအနေများ-

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီနှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ကြီးကြပ်မှုဖြင့် မြန်မာ SME လုပ်ငန်းများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိပါသည်-

(က) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်ရေး (Human Capital Development and Innovation)
(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းနိုင်ရေး (Technology Adoption and Entrepreneurship Development)
(ဂ) ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး (Access to Financing)
(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး (Infrastructure)
(င) ဈေးကွက်ဝင်ဆံ့မှုရရှိစေရေးအတွက် လုပ်ငန်းဈေးကွက်အထောက်အကူပေးနိုင်ရေး (Market access)
(စ) သင့်လျော်သောအခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ထောက်ပံ့ပေးနိုင်ရေး (Legal and regulatory environment)

၂။ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပြည်တွင်းပညာရှင်များနှင့်လည်းကောင်း၊ အာဆီယံစီမံကိန်းများအရလည်းကောင်း သင်တန်းများပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်း ပြုလုပ်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များတွင် Entrepreneurship သင်တန်းများ၊ Cluster Development သင်တန်းများ၊ General Procurement သင်တန်းများ၊ Financial Management သင်တန်းများ ပို့ချပေးလျက်ရှိသည်။

၃။ ဒေသအလိုက် Potential အလိုက် Pilot Project များ ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး UNIDO နှင့်ပူးပေါင်းလျက် Textile, Rubber, Lacquer Ware, Garment Sector များတွင်လည်းကောင်း၊ ဂျာမနီနိုင်ငံ GIZနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်ရှိ သီးနှံများ၊ Value Added ထုတ်လုပ်ရေးအတွက် သရက်သီးနှင့် လက်ဖက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိဆောင်ရွက်လျက်ရှိသော Pilot Project များသည် ပြည်ပမိတ်ဖက်အဖွဲ့များ၏ စိတ်ဝင်စားမှုနှင့် ကူညီပံ့ပိုးမှုများအရ ဆောင်ရွက်လျက်ရှိပြီး ပရိဘောဂပစ္စည်းလုပ်ငန်းများ ပါဝင်ခြင်းမရှိသေးပါ။ ပရိဘောဂလုပ်ငန်းနှင့်ပတ်သက်၍ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ASEAN Internship Program အရ ပရိဘောဂလုပ်ငန်းရှင်တစ်ဦးကို Intern အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ သင်တန်းတက်ရောက်စေခဲ့သည်။

၄။ ကိုရီးယားနိုင်ငံ ကိုရီးယားအမျိုးသားနည်းဗျူဟာတက္ကသိုလ်နှင့် Gunhong International Co., Ltd. မှ မြန်မာ SME များသို့ နည်းပညာပံ့ပိုးပေးရန်အတွက် စစ်တမ်းများကောက်ယူ၍ နည်းပညာပံ့ပိုးပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းရှင်ခုနစ်ဦးကို ပံ့ပိုးပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းရှင် ၁၀၀ ကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမည်ဖြစ်၍ သတင်းစာများ၊ Media များမှတစ်ဆင့် ဖိတ်ခေါ်ခြင်းဖြင့် ပံ့ပိုးပေးလျက်ရှိရာ စွန့်ပစ်သစ်တောထွက်ပစ္စည်းများနှင့် တန်ဖိုးနည်းသစ်များကို အိမ်သုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် အမှတ် (၃၅-B/၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖုန်း ၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ အီးမေးလ် smecentre 35 b @ gmail.com တွင် Questionary Survey Form လာရောက်ဖြည့်စွက်၍ Gunhong International Co., Ltd.နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအသုံးပြုရေးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်လည်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

၅။ ၄င်းတို့အပြင် Sector အလိုက် အထူးပြုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် Potential ရှိသော SME လုပ်ငန်းများကို ဂျပန်နိုင်ငံ Daiwa Institute နှင့် ဂျာမနီနိုင်ငံတို့မှ SME လုပ်ငန်းများမှ Joint Venture ပြုလုပ်လိုကြောင်း ကမ်းလှမ်းထား၍ မြန်မာ SME လုပ်ငန်းရှင် ၁၀၉ ဦး၏ စာရင်းကို ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ ပေးပို့ထားသည်။ ၄င်းလုပ်ငန်းရှင်များနှင့် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း One by one Accessment Business Matching ပြုလုပ်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးမှ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုဆိုင်ရာများနှင့်ပတ်သက်၍ ပံ့ပိုးမှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဟိုပင်၌ သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

ဟိုပင် ဩဂုတ် ၈

ကချင်ပြည်နယ် ဟိုပင်မြို့ ဟိုပင်-ဆင်ဘိုလမ်း၌ ဩဂုတ် ၆ ရက် နံနက် ၈ နာရီက သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဟိုပင်-ဆင်ဘိုနန့်ရင်းချောင်းတံတားအရှေ့ဘက်ကမ်းမှ ရန်ကင်းတောင်ခြေအထိ အရှည်ပေ ၅၂၈၀ ကို အလှူရှင်များက ငွေကျပ် ၁၀ သိန်းကျော် အကုန်အကျခံ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်း၏ ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများ စုပေါင်း၍ နှစ်ရက်ကြာဆောင်ရွက်ခဲ့သည်။

သဲကျောက်များ ခင်းပေးခြင်းကြောင့် သွားလာရေး လွယ်ကူသွားသဖြင့် အလှူရှင်များနှင့်လုပ်အားဒါပြုသူများအား ကျေးဇူးတင်ရှိကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

သမဝါယမအသင်းများမှ တောင်သူများကို ငွေချေးရန် ညှိနှိုင်း

ရမည်းသင်း ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံသမဝါယမအသင်းများမှ တောင်သူတစ်ဦးအား ငွေကျပ်ငါးသိန်းထုတ်ချေးမည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက အသင်းသားတစ်ဦးလျှင် ငွေကျပ်ငါးသိန်းထုတ်ချေးရာတွင် စံနှုန်းသတ်မှတ်၍ အဓိကထားရွေးချယ်ရမည့်အချက် (၁၄)ချက်ကို အကျယ်တဝင့်ရှင်းလင်းပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ငွေက တောင်သူသုံးပစ္စည်းကိရိယာများကို အရစ်ကျဝယ်ယူအသုံးပြုနိုင်မှုနှင့် တောင်သူနှစ်သက်သော ဓာတ်မြေသြဇာများကို ခြောက်လဆပ်စနစ်ဖြင့် ဝယ်ယူရရှိသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ အစည်းအဝေးသို့ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ ဥက္ကဋ္ဌနှင့်အမှုဆောင်များက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

အိမ်ခြံမြေဝန်ဆောင်မှုအသင်းရုံးခန်းဖွင့်

ဘားအံ ဩဂုတ် ၈

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)က ကြီးမှူး၍ မြန်မာနိုင်ငံအိမ်၊ ခြံ၊မြေ ဝန်ဆောင်မှုအသင်း ကရင်ပြည်နယ်ရုံးခွဲ ရုံးခန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမှတ် ၂၇၄ ပထမထပ် Galaxy Hotel ရှေ့ရှိ ရုံးခန်း၌ ကျင်းပသည်။

ရုံးဖွင့်ပွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောကြည်လင်း၊ မြန်မာနိုင်ငံအိမ်၊ ခြံ မြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ကရင်ပြည်နယ် အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း နာယက ဦးတင်လှိုင်၊ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌဦးဇော်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောကြည်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီးနောက် ကရင်ပြည်နယ်အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးဇော်ငွေးက အသင်းနာယက ဦးတင်လှိုင်ထံ မတည်ငွေကျပ် ၆၈ သိန်း လွှဲပြောင်းအပ်နှံခဲ့သည်။ ကရင်ပြည်နယ်အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်းကြီးတွင်အသင်းဥက္ကဋ္ဌအဖြစ် ဦးဇော်ငွေး၊ အတွင်းရေးမှူး ဦးသန့်ဇင်၊ ဘဏ္ဍာရေးမှူး ဒေါ်မေသက်ပန်အပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

စံပြစပါးစိုက်ခင်း စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ပွဲကျင်းပ

မန်စီ ဩဂုတ် ၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် သုခဝတီဘုန်းကြီးကျောင်းအနီး တောင်သူ ဦးလဗျဂေါင်၏ လယ်ယာမြေကွင်းအမှတ်(၂၅၁/ခ)ဦးပိုင်အမှတ်(၁) ၌ ၂၀၁၄-၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးထားသော ဆင်းရေကြီး-၃ မျိုးသန့် မျိုးပွားမျိုးစေ့ထုတ်စိုက်ခင်းတွင် စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးညီညီထွေးနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြင့်မြင့်မော်တို့က ဓာတ်မြေသြဇာအသုံးပြုနည်းနှင့် လယ်မြေစနစ်တကျအသုံးချနည်းတို့ကို ရှင်းပြပြီးနောက် ဓာတ်မြေသြဇာစုပေါင်းကြဲပက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားသို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများတက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း
ယာဉ်အမှတ် ၁၁ဃ/၈၉၇၁၉ Jialing 90, M./C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိုးမိုးဟန် ၉/အမဇ(နိုင်)၁၂၅၇၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း
ယာဉ်အမှတ် ၁၇ဃ/၈၃၃၈ Zaw Cycle 11 (2C-02)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူမင်း ၉/ခအဇ(နိုင်)၀၁၆၃၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖခင်နှင့်မိခင်အမည်မှန်
လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ကူမား၏ ဖခင်အမည်မှန်မှာ ဦးကူလ်ဗဟာဒူး ၁၃/လရန(နိုင်)၀၉၉၇၇၆နှင့်မိခင်အမည်မှန်မှာ ဒေါ်ပါရာပသီး ဖြစ်ပါကြောင်း။
ဦးကူလ်ဗဟာဒူး ၁၃/လရန(နိုင်)၀၉၉၇၇၆

အမည်ပြောင်းနှင့်ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃) အဌမတန်း(ဃ)မှ မောင်ရွှေရည်ဝင်းအား မောင်ထောင်ရှမ်းမန်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးတွန်လျံထွမ် ဖြစ်ပါကြောင်း။
မောင်ထောင်ရှမ်းမန်၊ ဦးတွန်လျံထွမ်

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း
ယာဉ်အမှတ် ၁၈/၅၈၅၆ Toyota Succeed NCP 59 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာမာ ၉/မနမ(နိုင်)၀၇၄၄၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်မှန်
လားရှိုးမြို့ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းလင်းယုံ၏ အမည်မှန်မှာ နန်းလင်းယုန်ဖြစ်ပြီး မိဘအမည်မှာ ဦးစိုင်းထွန်းကျော် ၁၃/လရန(နိုင်)၀၄၅၉၀၅နှင့် ဒေါ်အဲယုန်း ၁၃/လရန(နိုင်)၀၄၅၄၃၉ ဖြစ်ကြောင်း။
ဦးစိုင်းထွန်းကျော် ၁၃/လရန(နိုင်)၀၄၅၉၀၅
ဒေါ်အဲယုန်း ၁၃/လရန(နိုင်)၀၄၅၄၃၉

တစ်ဦးတည်းဖြစ်ပါကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၄)နေ ဦးလားပက်ကာ၏ သမီး မလားမှားငိုက်ဖွားလီးနှင့် မလားမှိန်းငိုက်ဖွားလီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မလားမှားငိုက်ဖွားလီး(ခ)မလားမှိန်းငိုက်ဖွားလီး ၅/ကလထ(နိုင်)၂၅၁၃၅၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၁ဃ/၃၈၂၃၈ Follow Me 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုးထွန်း ၈/ရစက(နိုင်)၁၃၀၆၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၃ဃ/၃၉၅၃၅ Jiafa 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းအောင် ၅/စကန(နိုင်)၂၂၁၂၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၆၆၃၇၂ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ရွှေ ၉/မထလ(နိုင်)၁၃၅၇၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် ၄က/၁၂၃၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

အများပြင်ဆင်ချက်
၄-၈-၂၀၁၆ ရက်က ပါရှိသော ကန့်ကွက် နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ဝ/၂၃၂၈၇) အစား (ဝ/၂၃၂၇၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8A/1437 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၂ဃ/၁၈၈၆၀၊ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၃/ဘအန(နိုင်)၁၅၀၇၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ မိသားစုကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ နဝမတန်း(C)မှ မောင်ခန့်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးနိုင်လွင်ကို ဖြစ်ပါကြောင်း။ **ဦးနိုင်လွင်ကို ၈/မကန(နိုင်)၁၁၀၈၆၇**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၆ဂ/၃၅၅၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှေသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၃a/၄၉၅၈ (3B/4958)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ယင်းမာပင် ဩဂုတ် ၈

ဖိုလ်ဝင်တောင်ဆရာတော် ဘဒ္ဒန္တဦးသုမန၏ ဩဝါဒကိုခံယူပြီး အနယ်နယ် အရပ်ရပ်မှ စေတနာရှင်မိဘပြည်သူများ၏ထည့်ဝင်လှူဒါန်းငွေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၀၀ ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုကိုခံယူကာယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့် ဦးဆောင်သော မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများကကြီးကြပ်၍ ယင်းမာပင်-ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကတ္တရာလမ်း လမ်းခွဲ့အဆင့်မြှင့်တင်ခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း၊ စောင်းတန်းအတက်၊ အဆင်းလမ်းများပြုပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဖိုလ်ဝင်တောင်လမ်းခွဲအဝင်မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လလယ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယင်းမာပင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက သတ်မှတ်ထားသည့် လုပ်ငန်းများအချိန်မီ ပြီးစီးရေးနှင့်စံချိန်စံညွှန်းများကိုက်ညီစေရေးတို့အတွက် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ "ယခင်က အနယ်နယ်အရပ်ရပ်က မိဘပြည်သူဘုရားဖူးများအနေဖြင့် မော်တော်ယာဉ်များနဲ့ သွားလာရာမှာ လမ်းကျဉ်းတဲ့အတွက် လူနဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ ရုတ်တရက် အန္တရာယ်ဖြစ်ပေါ်ကာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တယ်။ အခုလိုအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထည့်ဝင်လှူဒါန်းပေးကြသော ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်/ မြို့နယ်တာဝန်ရှိသူများက ဦးစားပေးအနေဖြင့် ကတ္တရာလမ်းသားအကျယ် ရှစ်ပေမှ ၁၄ ပေအထိကို အခုလိုလမ်းခွဲ့အဆင့်မြှင့်ပေးခြင်းလုပ်ငန်းများနဲ့ သံကူကွန်ကရစ်ကြမ်းခင်းတံတားသုံးစင်းတို့ကို ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ အထူးကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့ဖိုလ်ဝင်တောင်ကျေးရွာမှ မိဘပြည်သူများသာမက ရပ်ဝေးရပ်နီးမှ ဘုရားဖူးမိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းမြေ့စွာ ဘုရားဖူးလာရောက်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျေးဇူးတင်ဝမ်းသာပျော်ရွှင်ပီတိ ဖြစ်မိပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

ထွန်းကိုကို(ယင်းမာပင်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)အကြိုဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀) အကြိုဂုဏ်ပြုပွဲကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)၌ ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)အကြိုဂုဏ်ပြုပွဲကို ပထမဆုံးအကြိမ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်နှင့်စပ်လျဉ်း၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်များ(ရွာသာကြီးနယ်မြေ)မှ ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက "ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ ကမ္ဘာကျော် စီးပွားရေးပညာရှင်များကို မွေးထုတ်ပေးခဲ့တဲ့တက္ကသိုလ်ပါ၊ ခေတ်အဆက်ဆက်မွေးထုတ်ပေးခဲ့တဲ့ ဒီတက္ကသိုလ်ကြီးဟာ လာမယ့်နိုဝင်ဘာလမှာ နှစ် (၅၀)ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုနှစ်(၅၀)ပြည့်ပြီဖြစ်တဲ့အတွက် ဂုဏ်ပြုသောအားဖြင့် ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီပွဲဟာ စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများရဲ့ တက်ကြွမှု၊ စည်းလုံးညီညွတ်မှုတွေကို ပြသတဲ့ပွဲဖြစ်မှာပါ။ ဒါကြောင့် စနစ်တကျစီမံဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်" ဟု ဆိုသည်။

ပထမဆုံးအကြိမ်ကျင်းပမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၅၀) အကြို ဂုဏ်ပြုပွဲအတွက် ဩဂုတ် ၅ ရက် ညနေပိုင်းက ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)အကြိုဂုဏ်ပြုပွဲအတွက် ဩဂုတ် ၁၄ ရက်တွင် စာတမ်းဖတ်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၁၅ ရက်တွင် ပဒေသာကပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကပွဲကို နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျင်းပရန် စီစဉ်ထားကြောင်း၊ ထို့အပြင် ဌာနအသီးသီးမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများကလည်း မုန့်ပဲသရေစာများနှင့် အမှတ်တရပစ္စည်းများကို အဆိုပါ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀) အကြိုဂုဏ်ပြုပွဲအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)အကြိုဂုဏ်ပြုပွဲအစည်းအဝေးမှ သိရသည်။

စိုးဝင်း(SP)

ငွေစာရင်းလုပ်ငန်းဘာသာရပ် ဆင့်ပွားသင်တန်းဖွင့်

မြစ်ကြီးနား ဩဂုတ် ၈

ကချင်ပြည်နယ်မြေစာရင်းဦးစီးဌာနမှ ကြီးမှူး၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် ငွေစာရင်းလုပ်ငန်းဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနား သီတာရပ်ကွက်ရှိ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစောဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၇ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ပြီး ကချင်ပြည်နယ်အတွင်းမြေစာရင်းဦးစီးဌာနတို့မှ အဆင့်မြင့်သင်တန်းတက်ရောက်ပြီး ဝန်ထမ်းနှစ်ဦးက စာချုပ်စာတမ်းနှင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ငွေစာရင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် သိရှိထားရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကာ သင်တန်းသို့ ခရိုင်လေးခုအတွင်းရှိမြို့နယ်၊ မြို့နယ်ခွဲတို့မှ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ငွေစာရင်းလုပ်ငန်းဆိုင်ရာ တာဝန်ခံဝန်ထမ်း ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ရေဝင်ရောက်သည့်ကျေးရွာများမှ မိသားစုများ ပြောင်းရွှေ့ရာတွင် ရဲတပ်ဖွဲ့ ကကူညီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီ ၄၅ မိနစ်အထိ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း နန်ကသူချောင်းရေဝင်ရောက်မှုကြောင့် ကွင်းကောက်တောင်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာတွင် ရေအမြင့် လေးပေခန့်ထိ ဝင်ရောက်နေသဖြင့် နေအိမ် ၁၇၆ လုံး၊ အိမ်ထောင်စု ၁၇၆ စုမှ လူဦးရေ အမျိုးသား ၃၀၈ ဦး၊ အမျိုးသမီး ၃၂၂ ဦး စုစုပေါင်း ၆၂၉ ဦးတို့အား သီရိမင်္ဂလာဘုန်းကြီးကျောင်းသို့ လည်းကောင်း၊ ကွင်းကောက်မြောက်ကျေးရွာကွက်သစ်ရပ်ကွက်အတွင်း ရေအမြင့်လေး၊ ငါးပေခန့်အထိ ဝင်ရောက်နေသဖြင့် နေအိမ် ၃၆ လုံး၊ အိမ်ထောင်စု ၃၆ စုမှ လူဦးရေ အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၂၇ ဦးတို့ကို လယ်ပြင်ဘုန်းကြီးကျောင်းသို့ လည်းကောင်း၊ ရွှေဆောင်လမ်း၌ ရေအမြင့်လေး၊ ငါးပေခန့်အထိ ဝင်ရောက်နေသဖြင့် လူနေအိမ် ၁၆ လုံး၊ အိမ်ထောင်စု ၁၆ စုမှ လူဦးရေ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၄ ဦး တို့ကို ရွှေကျောင်းဘုန်းကြီးကျောင်းသို့လည်းကောင်း၊ ဘွတ်ကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာအတွင်း ရေအမြင့်နှစ်ပေခန့်အထိ ဝင်ရောက်နေသဖြင့် လူနေအိမ် ၄၈ လုံး၊ အိမ်ထောင်စု ၄၈ စုမှ လူဦးရေ အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၁၅၃ တို့ကို ရခိုင်ဘုန်းကြီးကျောင်းသို့လည်းကောင်း၊ တလိုင်းကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာအတွင်းသို့ ရေအမြင့်နှစ်ပေခန့်အထိ ဝင်ရောက်နေသဖြင့် လူနေအိမ် ၁၃ လုံး၊ အိမ်ထောင်စု ၁၃ စုမှ လူဦးရေအမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၅၈ ဦးတို့အား သာလှစည်ပင် ဘုန်းကြီးကျောင်းသို့ လည်းကောင်း အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီ/မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ် တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၁၀၁

ဦးသန်းအေး **နှင့်** ဒေါ်အုန်းကြည်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သာလွှာဝတီ ၃လမ်း၊ အမှတ် ၈၂ နေ ဒေါ်အုန်းကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းအေးက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်ငင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁၅ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၃

ဒေါ်စိန်စိန် **နှင့်** ၁။ ဦးအောင်သန်း၊ ၂။ ဦးချန်ထွန်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၃၀)နေ ဦးအောင်သန်း (ယခုနေရပ်လိပ်စာမသိသူ) (၁) တရားပြိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မြရည်နန္ဒာလမ်း၊ အမှတ် (၃၈၄/က)နေ ဦးချန်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) (၂) တရားပြိုင်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁၂ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဇေလွင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မဟာအောင်မြေမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဦးမြင့်သန်း **နှင့်** ဦးလှမျိုးဦး

တရားလို **တရားပြိုင်**

ဦးလှမျိုးဦး တောင်ပေါ်သားခေါင်ရည်ဆိုင်၊ ၆၂ လမ်း၊ အရှေ့ဘက်ခြမ်း၊ မနော်ဟရီလမ်းမြောက်ဘက်၊ မြို့သစ်၊ အမှတ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခင်နေရပ်လိပ်စာ) ယခုနေရပ်လိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်သန်းက ချေငွေကျပ်သိန်း ၅၀နှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀ စုစုပေါင်း ကျပ်သိန်း ၇၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်စိုး တ/၂၇၃၇)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မဟာအောင်မြေမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကရင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

ဘားအံ ဩဂုတ် ၈

ကရင်ပြည်နယ် သဘာဝဘေး အန္တရာယ်များကြောင့် ရေကြီးခြင်း၊ အခြားသော ဘေးအန္တရာယ်များ ကျရောက်လာပါက ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီး ဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့ ပူးပေါင်းထောက်ပံ့သော လှေနှင့်အရေးပေါ်သုံး ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့နယ် ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး IOM အဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Kieran Gorman Best (Chief of Mission, IOM Myanmar Mission) မှ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်များအတွက် လှေများနှင့် အရေးပေါ်သုံး ကယ်ဆယ်ရေး ပစ္စည်းများကို Mr. Kieran Gorman Best (Chief of Mission, IOM Myanmar Mission) မှ ပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က လက်ခံသည်။ ထို့နောက် လူမှုရေးဝန်ကြီးက ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ် မြို့နယ်အတွင်းရှိ ရေကြီးမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာများအတွက် လှေများ၊ အရေးပေါ်သုံး ကယ်ဆယ်ရေးပစ္စည်းများကို ပြန်လည်ပေးအပ်ရာ ၎င်းတို့ကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးများက လက်ခံယူကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရေဘေးသင့်အိမ်ထောင်စုများနှင့် ရေကြီးနစ်မြုပ်ခံ တောင်သူများကို ထောက်ပံ့ငွေပေးအပ်

ကွမ်းလုံ ဩဂုတ် ၈

ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နှင့် ဟိုပန်မြို့တို့တွင် ရေကြီးနစ်မြုပ်ခြင်း၊ မြေပြိုခြင်း၊ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုနှင့် သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရေကြီးမှုကြောင့် ကွမ်းလုံမြို့နယ်မှ မိုးသီးနှံပျက်စီးမှု ၃၁၄ ဧကအတွက် ငွေကျပ် ၃၁၄၀၀၀၀၊ မြေပြိုခြင်းတွင် ပါဝင်သည့်အိမ်ထောင်စု ခြောက်စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၈၀၀၀၀၊ ဟိုပန်မြို့နယ်မှ မိုးသီးနှံပျက်စီးမှု ၄၂၂ ဧကအတွက် ငွေကျပ် ၄၂၂၀၀၀၀၊ ရေဘေးသင့်အိမ်ထောင်စု ၁၀၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၃၀၆၀၀၀၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လူမှုရေးဝန်ကြီးက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူးဦးမျိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အင်္ဂလိပ်စာ ဆရာ ဆရာမများ နွေးနွေးဖလှယ်ပွဲ တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၈

ဗြိတိသျှကောင်စီမှ ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာသင်ကြားပေးသော ဆရာ ဆရာမများ၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည်နွေးနွေးဖလှယ်ပွဲကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

တက်ရောက်လိုသော အင်္ဂလိပ်စာ ဆရာ ဆရာမများအနေဖြင့် ဩဂုတ် ၁၈မှ ၂၂ ရက် အတွင်း ရန်ကုန်မြို့ အမှတ် ၇၈ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

တက်ရောက်သူ ၃၅၀ အထိသာ လက်ခံမည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက် မတိုင်မီလူပြည့်သွားပါက Form လက်ခံခြင်းကို ရပ်နားမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် နွေးနွေးဖလှယ်ပွဲ၏ အဓိကခေါင်းစဉ်မှာ "Engage: Making Teaching and Learning More Engaging For All'' ဖြစ်ကြောင်း၊ ကျောင်းသားများ၏ သင်ယူစိတ်လှေ့လာစိတ်ကို နိုးကြားစေပြီး သင်ခန်းစာများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားစေရန် ရေးဆွဲထားသော သင်ကြားပို့ချမှုနည်းစနစ်မျိုးစုံပါဝင်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ၅၀ ကျော်ပါဝင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ အာရှတိုက်အပြင် အခြားသောဒေသအနှံ့အပြားရှိ ဗြိတိသျှကောင်စီ စင်တာများ၊ ဒေသတွင်းတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများ၊ ကမ္ဘာကျော်ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းများ၊ ပညာရှင်များ၊ သင်ရိုးပြုစုကျွမ်းကျင်သူများ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကျင်းပ

မန္တလေး ဩဂုတ် ၈

ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ်ဘာသာရပ်အသင်းမှ ကြီးမှူးပြီး UMG Myanmar ကုမ္ပဏီ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက လေးထပ်ဆောင်ဘက်စုံခန်းမ၌ကျင်းပရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်သော ဒေါက်တာတင့်တင့်နှင့် ဒေါက်တာအောင်နိုင်စိုး၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြား/စီမံအရာရှိများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အမှာစကားပြောကြားပြီး UMG Myanmar ကုမ္ပဏီမှ HR Senior Staff ဒေါ်မြသွေးနှင်းက Company Profileနှင့် စပ်လျဉ်း၍လည်းကောင်း၊ HR Executive (ဝန်ထမ်းရွေးချယ်ခန့်ထားရေး) ဒေါ်သူဇာကြွယ်က Company Programme နှင့်စပ်လျဉ်းလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသောအချက်များကို မေးမြန်းကြရာ ဒေါ်မြသွေးနှင်းနှင့် ဒေါ်သူဇာကြွယ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အေးမြ(မန္တလေး)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မုံရွာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်များတွင် လယ်တီကျောင်းတိုက်အတွင်း၌ ဒုလဝကဦးစီးမှူး ဦးသိန်းမောင်၊ လ/ထ လဝကမှူး ဒေါ်ခက်ရည်ဝင်းမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဝင်းနှင့်အထောက်အကူပြုအဖွဲ့များသည် လယ်တီရပ်ကွက်နေပြည်သူ ၁၂၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(မုံရွာ)

အင်းလေးကန်ရေရှည်တည်တံ့ရေး သစ်ပင်စိုက်ပျိုး

ညောင်ရွှေ ဩဂုတ် ၈

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၄ ရက်က အင်းလေးကန်အနောက်ဘက်ကမ်းရှိ လင်းကင်းကျေးရွာအုပ်စု ရေဦးရေထွက်အနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ခါတော်မီ၊ မဲဇလီ၊ စိန်ပန်း၊ ပြည်လုံးချမ်းသာ စသည့် အပင်ပေါင်း ၅၀၀ ကျော်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေလှ၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးစီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကြင်ထွန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးငွေလွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ညောင်ရွှေမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဒေသတွင်းဧည့်လမ်းပြများအသင်းနှင့် ဒေသခံပြည်သူများက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင်အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်တစ်စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

TOYOTA ALPHARD (Model 2003) ယာဉ်တစ်စီး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၈-၂၀၁၄ ရက် မွန်းလွဲ ၁၃း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၀၄၊ ၀၆၇-၄၃၁၁၂၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ ၀.၁၁၅ ၀၆၆၆ဧကရှိ ဒေါ်ခင်သန်းအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘမြေကွက်အား ဦးလှိုင်မိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/မတလ(နိုင်)၀၀၂၁၇၇ (ဘ) ဦးသိန်းမောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာကောလိပ်(ရွှေဘို)တွင် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်း (၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဗီရို (Leeco CB 03) (3' × 1' × 6') (၁၆)လုံး

အိတ်ဖွင့်တင်ဒါများအား ၁၁-၈-၂၀၁၄ရက်မှ ၁၈-၈-၂၀၁၄ရက်အထိ လာရောက်တင်သွင်းနိုင်ပါသည်။

အစိုးရနည်းပညာကောလိပ်(ရွှေဘို)
ဖုန်း-၀၉-၆၄၆၀၆၀၀၊ ၀၉-၂၅၆၀၅၉၈၅၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် Computer နှင့်ဆက်စပ်ပစ္စည်းများ၊ Copier, Fax, Camera, Amplifier, Mic စသည့်ပစ္စည်း (၁၃)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၈-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၈-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄

လူမှုဖူလုံရေးအဖွဲ့တွင်
လစ်လပ်နေသော သူနာပြုနေရာများအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့ဆေးခန်းများတွင် သူနာပြု ၂၅ နေရာလစ်လပ်လျက်ရှိရာ အောက်ပါအရည်အချင်းရှိ သူနာပြုများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ပါသည်-

(က) သူနာပြုသင်တန်းဆင်းအောင်လက်မှတ်ရရှိပြီး အလုပ်မဝင်သေးသော သူနာပြုများ

(ခ) အငြိမ်းစားယူပြီးသော်လည်း ကျန်းမာရေးကောင်းမွန်သဖြင့် လူမှုဖူလုံရေးလုပ်ငန်းများကိုလုပ်ကိုင်ရန် ဆန္ဒရှိသောသူနာပြုများ

၂။ လျှောက်ထားလိုသော သူနာပြုများသည် လျှောက်လွှာပုံစံများ၊ လုပ်ဆောင်ရမည့်အစီအစဉ်များကို အောက်ပါနေရာများတွင် မေးမြန်းရယူနိုင်ပါသည်-

- အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်မြို့
- အလုပ်သမားဆေးရုံကြီး၊ မန္တလေးမြို့
- လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ နေပြည်တော်
- Web site: www.ssbmyanmar. gov. mm
- Email: 1win 1winoohlaing 17265 @ gmail. com
- Phone:067-430383, 430384, 430281

လူမှုဖူလုံရေးအဖွဲ့၊ ဆေးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၆-၄-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၁၈) ကန့်ကွက်ကြော်ငြာ တောင်ဥက္ကလာပမြို့နယ် ဒေါ်ချောစုအောင်+၅၏ မြေပုံကူးတွင် မြေကွက်အမှတ် ၅၃၅/ခ အစား ၅၃၅/ကနှင့် မြေကွက်တည်နေရာ ၅၃၅/ခ အစား ၅၃၅/က ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျောင်းဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

ကော့သောင်း ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်နှင့် ပြည်သူပူးပေါင်း၍ ဩဂုတ် ၅ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ခမောက်ကြီးတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်ကွက်ပြည်သူများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများပူးပေါင်းကာ မိုးရာသီအတွင်း ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ ကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ၊ ကျောင်းဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များသိမ်းဆည်းခြင်း၊ ခြင်မပေါက်ပွားရေး၊ ရေစီးရေလာကောင်းမွန်ရေးရေနုတ်မြောင်းများတူးဖော်ခြင်း၊ ကျောင်းသုံးရေကန်၊ ရေစည် ၊ ရေအိုးများတွင် ပိုးလောက်လန်းမပေါက်ပွားရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

ကြက်ငှက်တုပ်ကွေးကာကွယ်ရေးစစ်ဆေး

ယင်းမာပင် ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် လူကိုကူးစက်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးစီမံချက်အဖြစ် မြို့ပေါ်ရှိ ကြက်ခြံများနှင့် ဈေးအတွင်းမှ ကြက်ဥကြက်သားဆိုင်များကို ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဒေါက်တာဒေါ်ကြည်မာအောင် ဦးဆောင်ပြီး ယင်းမာပင်ခရိုင်မွေး/ကုဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဦး၊ မြို့နယ်မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာ မြင့်အေးနှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့်ပူးပေါင်းကာ ကြက်ဥ၊ကြက်သားများ ဝယ်ယူစားသုံးသူ ပြည်သူများ၏ကျန်းမာရေး အန္တရာယ်မဖြစ်စေရေးအတွက် ယင်းမာပင်မြို့ပေါ် ရပ်ကွက်လေးခုမှ ကြက်ခြံပေါင်း ၁၆ ခြံနှင့် မြို့မဈေးအတွင်းရောင်းချနေသော ကြက်ဥ၊ကြက်သားဆိုင်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးမှုများကို ဇူလိုင် ၃၁ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်အစားအစာ ချက်ပြုတ်ပြိုင်ပွဲကျင်းပ

ရေစကြို ဩဂုတ် ၈

ပခုက္ကူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့က ကြီးမှူး၍ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ၊ အာဟာရချို့တဲ့သည့် ကလေးငယ်များအတွက် အာဟာရပြည့်ဝသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကို ရေစကြိုမြို့၌ ဩဂုတ် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ရေစကြိုမြို့ပေါ်ရှိ ရပ်ကွက်ရှစ်ခုမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ အဖွဲ့ရှစ်ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့များကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်နှင့် ရေစကြိုမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြအေးစီတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ အာဟာရချို့တဲ့ကလေးငယ်များအား အာဟာရပြည့်ဝမှုတသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲမှ ပြည့်ဝမှုတသည့် အစားအစာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။ ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေဝင်းက အာဟာရနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး အာဟာရပြည့်ဝမှုတသည့် အစားအစာချက်ပြုတ်ပြိုင်ပွဲမှ ဆုရရှိကြသူများနှင့် စံပြမိခင် ပထမဆုရရှိသူများအား ဆုချီးမြှင့်ကြသည်။ အာဟာရချို့တဲ့ကလေးငယ်များအား အာဟာရထောက်ပံ့ပေးကာ ဗီတာမင်အေ၊ သံချဆေး၊ အိုင်အိုဒင်းဆားတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကလေးငယ်များကျန်းမာဖွံ့ဖြိုးရေးအတွက် မိခင်များ နေ့စဉ်စားသုံးနေသော အစားအစာများတွင် အာဟာရပြည့်ဝမှုသည် အရေးအကြီးဆုံးဖြစ်ရာ အာဟာရတန်ဖိုးကို မိခင်များသိရှိစေရန် ချက်ပြုတ်ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ချက်ပြုတ်နေစဉ်။

ဘားအံမြို့၌ မူကြိုကလေးများအား အာဟာရတိုက်ကျွေး

ဘားအံ ဩဂုတ် ၈

ကရင်ပြည်နယ်အတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်လတစ်လလုံး ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလှုပ်ရှားမှုအစီအစဉ်တစ်ရပ်အဖြစ် ဘားအံမြို့ပေါ် မူကြိုကျောင်းများရှိ ကလေးများအား အာဟာရတိုက်ကျွေးခြင်းကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဩဂုတ် ၅ရက်တွင် ပြုလုပ်ခဲ့သည်။

အာဟာရ တိုက်ကျွေးမှုများကို ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေနှင့် အဖွဲ့ဝင်များက ဘားအံမြို့ပေါ်ရှိ အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ အမှတ်(၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ အမှတ် (၂၀၁) ခြေမြန်တပ်ရင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းများသို့သွားရောက်ပြီး မူကြိုကျောင်းသား ကျောင်းသူများအား ဗီတာမင်ဆေးလုံးများ၊ ပဲနို့ဘူးနှင့် ကြက်ဥပြုတ်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အာဟာရတိုက်ကျွေးမှုကို ကရင်ပြည်နယ်အတွင်း၌ ဩဂုတ်လတစ်လလုံးကျင်းပသွားမည်ဖြစ်ရာ အခြားမြို့နယ်များမှ မူကြိုကျောင်းများသို့လည်း အာဟာရများ ဆက်လက်တိုက်ကျွေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင်တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများကို**
စတင်ထုတ်ယူရမည့်ရက် - ၁၁-၈-၂၀၁၄ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁၁-၈-၂၀၁၄ ရက်မှ ၁၀-၉-၂၀၁၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၀၃၃၊ ၀၅၉-၄၁၀၀၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၉-၂၀၁၄ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိ ဦးမြသောင်းအမည်ဖြင့် ပိုင်ဆိုင်သောအငှားဂရန်မြေကွက်အား ဦးမြသောင်းပါ-၂ ၉/တကန(နိုင်)၀၁၁၅၀၄ (ဘ)ဦးကြေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ မြေကွက်/ဦးပိုင်အမှတ်(၈၆က)၊ ဧရိယာ ၀ ဒသမ ၀၄၄ဧကရှိ ဒေါ်တင်ကြည် အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အားဒေါ်တင်ကြည် ၉/တကန(နိုင်)၀၁၁၂၂၇(ဘ)ဦးဘိုးအောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ ၀ ဒသမ ၁၃၂ဧကရှိ ဦးစိုးပိုင် အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်နီ ၉/တကန(နိုင်)၁၀၁၁၃၉ (ဘ)ဦးခွေးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် (၈)၊ ဧရိယာ ၀ ဒသမ ၁၃၀ဧကရှိ ဦးလူလေးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မာစီ(ခ)အမာစီ ပါ-၄ဦး-က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ မြေကွက်/ဦးပိုင်အမှတ် (၈)၊ ဧရိယာ ၀ ဒသမ ၁၃၀ဧကရှိ ဦးလူလေး အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မာစီ(ခ)အမာစီပါ-၄ ဦး-က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံ၊ရာဇဝင်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(င)၊ မြေကွက်အမှတ် (၆၈၂)၊ မြေကွက်တည်နေရာအမှတ် ၆၈၂၊ သန္တာ (၁၄)လမ်း၊ ဦးတင့်လွင် စီအယ်လ် ၀၀၂၇၃၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးတင့်လွင်၊ မိခင် ဒေါ်မြစောသားနှစ်ဦးဖြစ်သူ ဦးအောင်ကျော်လွင် (လူပျိုကြီး)နှင့် ဦးရဲမင်းသန့်တို့ ကွယ်လွန်သဖြင့် ဒေါ်ဇာဏီလွင် ၁၂/ ဥကမ(နိုင်)၁၇၅၈၃၂၊ ဒေါ်ကေသီ ၁၂/ဒဂတ(နိုင်)၀၀၃၁၂၅တို့က သမီး/ချွေးမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိတ္ထီလာတက္ကသိုလ်တွင် တိုင်းရင်းသားရိုးရာဝတ်စုံပြပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၈

မိတ္ထီလာတက္ကသိုလ်တွင် စာပေဟောပြောပွဲ၊ ဓာတ်ပုံ၊ စာအုပ်နှင့် တိုင်းရင်းသားရိုးရာဝတ်စုံပြပွဲများကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် ပြခန်းတို့တွင် ဩဂုတ် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲ၊ ဓာတ်ပုံ၊ စာအုပ်နှင့် တိုင်းရင်းသားရိုးရာဝတ်စုံပြပွဲများကို မိတ္ထီလာတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းတာဝန်ခံ ဒဿနိကဗေဒဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာအေးအေးမာ ဦးဆောင်သည့်အသင်းဝင်များက ကျောင်းသားကျောင်းသူများ တိုင်းရင်းသားရိုးရာဓလေ့များအကြောင်း ရင်းရင်းနှီးနှီး လေ့လာသိရှိခွင့်ရနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲကို ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မိတ္ထီလာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနှင့် တိုင်းရင်းသားညီအစ်ကိုများ ခေါင်းစဉ်ဖြင့် မြန်မာစာဌာနပါမောက္ခ ဒေါက်တာဒွေးလွင်က မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ၏ လူနေမှုနောက်ခံသမိုင်းအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ဟောပြောပွဲသို့ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးသည်။ ထို့နောက် စာပေရေးရာများ ဟောပြောသည့် ဒေါက်တာဒွေးလွင်အား ဒုတိယပါမောက္ခချုပ်ဒေါက်တာ ဒေါ်ခင်ဖြူဖြူအေးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဓာတ်ပုံ၊ စာအုပ်နှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံပြပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပင်လုံတက္ကသိုလ်၌ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် လုပ်ငန်းစဉ်ရှင်းလင်း

လွိုင်လင် ဩဂုတ် ၈

လွိုင်လင်ခရိုင် ပင်လုံတက္ကသိုလ်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို ဩဂုတ် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားပြီး တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်တင်မာကြည်က လုပ်ငန်းခွင် စွမ်းရည်မြှင့်တင်ခြင်းအကြောင်းကိုလည်းကောင်း၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့ရုံးမှ ရဲမှူးခင်မောင်ရွှေ၊ လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံမှ ဒေါက်တာအောင်ထွေး၊ နည်းပညာတက္ကသိုလ် (ပင်လုံ) ကျောင်းအုပ်ကြီး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ခရိုင်စီမံကိန်းဦးစီးဌာနမှူး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးတို့က မိမိတို့လုပ်ငန်း ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) ရှင်းလင်းပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပင်လုံတက္ကသိုလ်မှ ကထိကများ၊ ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

သမဝါယမကဏ္ဍ တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟားခါး ဩဂုတ် ၈

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှုအနေဖြင့် ချင်းပြည်နယ် သမဝါယမဦးစီးဌာန၏ သမဝါယမကဏ္ဍ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၆ ရက်က ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားရာတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ပထမအဆင့်အနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်တွင် ပါရှိသည့်အတိုင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ကုန်ထုတ် လုပ်ငန်းများတွင် လိုအပ်သော အရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သမဝါယမအစုအဖွဲ့များနှင့် အသေးစားချေးငွေလုပ်ငန်းများ၊ ကုန်သွယ်လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး တိုးတက်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သိရှိပြီး တာဝန်သိစိတ်ဓာတ်အပြည့်အဝဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းက သမဝါယမကဏ္ဍ၏ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော မြို့နယ် ဦးစီးမှူးများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ ချင်းပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌများ၊ အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးမှူးများ၊ အသင်းဝန်ထမ်းများနှင့် ဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ အလုံဓာတ်အားပေးစက်ရုံ၊ အမှတ် (၁) ဓာတ်ငွေ့တာဘိုင်စက်၏ ချွတ်ယွင်းသွားသော (11/33KV, 47.5MVA) Transformer ကို အကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ(၂)ရုံအတွက် ပရဆေးကုန်ကြမ်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ကုမ္ပဏီ/အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် ပရဆေးကုန်ကြမ်းများ စာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၁၀၉၄၊ ၄၃၁၁၄စသို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား စတင်ရောင်းချမည့်ရက်** -၁၁-၈-၂၀၁၄ရက်

၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** -၂၉-၈-၂၀၁၄ရက်

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)
33/11-6.6 KV, 20 MVA Transformer တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁) 33/11-6.6 KV,20 MVA Transformer တိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ လုပ်ကိုင်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၈-၂၀၁၄ ရက်
Company Profile အပါအဝင် Technical Proposal နှင့် Price Proposal နောက်ဆုံးထားတင်သွင်းရမည့်ရက် - ၂၅-၈-၂၀၁၄ ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ စီမံခန့်ခွဲရေးကော်မတီရုံး
စက်မှုလမ်းမကြီးနှင့် ကနောင်မင်းသားကြီးလမ်းထောင့်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၁၂၅၆၂၊ ၆၁၀၇၁၂၊ Fax-၆၁၂၅၆၃

မြေရောင်းမည်

မိတ္ထီလာ၊ ကျောက်ပန်းတောင်းလမ်းမပေါ် (အမြန်လမ်းမအနီး) ၁ဒသမ၁၈ဧကေ၊ဓာတ်ဆီဆိုင်၊ ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းလုပ်ရန် နေရာကောင်း။

ဖုန်း-၀၉-၄၄၄၀၂၀၆၆၆၊ ၀၉-၃၂၀၆၈၃၆၉

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2465 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ် ဩဂုတ် ၁၇ရက်မှ ၂၄ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသီဟ(ပုသိမ်)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဩဂုတ် ၁၆ရက်(စနေနေ့)ညနေ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် အရိယာလိုဏ်ဂူပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

လူပျောက်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊အမှတ် ၃၃၊ ခြောက်လွှာတွင် နေထိုင်သော ဦးအန်ထော်နီဒတ်(စ်)သည် ၃၀-၅-၂၀၁၄ရက်မှစ၍ နေအိမ်မှထွက်သွားခဲ့ရာ ယနေ့ထက်တိုင် ပြန်မရောက်ဘဲ ပျောက်ဆုံးနေပါသည်။ တွေ့ရှိသူများ အောက်ပါလိပ်စာသို့ အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

ဦးအန်ထော်နီဒတ်(စ်) ၁၂/မဂတ(နိုင်)၀၄၈၄၅၉၊ အသက် (၅၃)နှစ်၊ အရပ် (၅ပေ×၄လက်မ)၊ အသားလတ်၊ ပိန်၊ တမီလ်လူမျိုးဖြစ်ပါသည်။

ဦးမောင်နု
အမှတ် -၈၈ လေးလွှာ၊ ၉၁လမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၉-၄၂၂၅၁၈၁၀၉

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တောင်သူများအား လယ်ထွန်စက်နှင့် စက်မောင်းဆီများ ကူညီပံ့ပိုး

လပွတ္တာ ဩဂုတ် ၈

လပွတ္တာမြို့နယ်အတွင်းရှိတောင်သူများ မိုးရာသီစိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက် ၁၄ စီးနှင့် စက်မောင်းဆီဂါလန် ၇၀၀ ကို မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းနှင့် လပွတ္တာခရိုင် လပွတ္တာမြို့နယ် သမဝါယမအသင်းစုတို့ပူးပေါင်း၍ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ရက်က ကျင်းပခဲ့သော ထွန်စက်နှင့် စက်မောင်းဆီများပေးအပ်ပွဲတွင် မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လယ်သမားများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ လယ်ယာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် လှူဒါန်းခြင်းဖြစ်ကြောင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်ဖြစ်ရာ စပါးအထွက်နှုန်းတိုးရန်နှင့် မျိုးကောင်းမျိုးသန့်များ ထွက်ရှိရန် ခေတ်မီလယ်ထွန်စက်များ အသုံးပြုရမည်ဖြစ်ကြောင်း၊ ထွန်စက်နှင့် စက်မောင်းဆီများ ပံ့ပိုး ပေးသည့်အပြင် စပါးမျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာများကိုလည်း တောင်သူများ အဆင်ပြေအောင် အရစ်ကျစနစ်၊ ဆိုင်းငံ့စနစ်များဖြင့် ရောင်းချပေးရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးထွန်းသန်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကုမ္ပဏီ (မက်ကို)မှ တာဝန်ရှိသူတစ်ဦးတို့က အမှာစကားပြောကြားခဲ့ကြသည်။ ထို့နောက် ထွန်စက်နှင့် စက်မောင်းဆီများကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးထွန်းသန်းက ပေးအပ်ရာ လယ်သမားများက လက်ခံရယူခဲ့ကြသည်။

ထွန်စက်နှင့် စက်မောင်းဆီများအပြင် မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းနာယကနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကုမ္ပဏီ (မက်ကို) တို့မှလည်း အကောင်းစား ပုလဲဓာတ်မြေဩဇာများကို ဆိုင်းငံ့စနစ်ဖြင့် ကျပ်သိန်းငါးထောင့်နှစ်ရာ ထုတ်ချေးပံ့ပိုးပေးထားပြီး လာမည့်စပါးပေါ်ချိန်တွင်လည်း ရိတ်သိမ်းခြွေလှေ့စက်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိတ်ညံလျှပ်စစ်မြစ်ရေတင်ဖြင့် စပါးများအောင်မြင်စွာစိုက်ပျိုး

မြင်းခြံ ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ဆိတ်ညံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုဖြင့် ဒေသတွင်းစပါးစိုက်တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်နိုင်ကြကြောင်း သိရသည်။

ဆိတ်ညံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စပါးစိုက်တောင်သူများအား ရေပေးဝေနိုင်မှုအခြေအနေများကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၆ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးက ဆိတ်ညံလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မှု၊ ရေပေးဝေနိုင်ရေးအတွက် မြောင်းလက်တံများ ကြံ့ခိုင်မှု၊ စပါးစိုက်ဧကလျာထားချက်ပြည့်မီရေး စသည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်က ဆိတ်ညံလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ တောင်သူများအား စပါးစိုက်ပျိုးအောင် ကြိုးစားစည်းရုံးခဲ့ရကြောင်း၊ ယခုအခါ စပါးစိုက် တောင်သူများက လျာထားဧကထက် ပိုမိုစိုက်ပျိုးလာကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုလတ်က လျှပ်စစ်ဓာတ်အားကို ယခုအခါ အချိန်ပြည့်ရရှိ၍ ရေတင်စက်များဖြင့် ခုတ်မောင်းပေးနေပါကြောင်း၊ စပါးစိုက်တောင်သူများက လျာထားဧကအပြင် ပိုမိုစိုက်ပျိုးလာကြ၍ ရေပေးဝေရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် မြောင်းလက်တံများ ကြံ့ခိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ကလည်း အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီများက ကွင်းဆင်း၍ စပါးစိုက်ဧကများ အချိန်မီတင်ပြနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆိတ်ညံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုဖြင့် မြင်းခြံမြို့နယ်အတွင်း စပါးစိုက်ဧက ၈၅၀ နှင့် အခြားသီးနှံ ဧက ၃၀၀ စုစုပေါင်း ဧက ၁၁၅၀ စိုက်ပျိုးရန်လျာထားကြောင်း သိရှိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

သာစည်မြို့နယ် ညောင်တိုကျေးရွာ၌ အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

သာစည် ဩဂုတ် ၈

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်တိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဩဂုတ်၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲတွင် ကျောင်းဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတင့်ဘော်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်က နိုင်ငံတော်က ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုများကို ရှင်းလင်းပြောကြားသည်။ ညောင်တိုကျေးရွာအခြေခံပညာ မူလတန်းကျောင်းကို ၁၉၅၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၀၇ ဦး တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၆၀၁)၊ အလျား ပေ၂၀×အနံ ပေ ၆၀ ရှိ မြေချပါမစ် အမည်ပေါက်ဖြစ်သူ ဦးထွန်းကြည်(ဘ)ဦးလှရွှေ ၁၂/မရက(နိုင်)၁၀၇၃၀၅ ထံမှ ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပစာကို လက်ရောက်ယူ၍ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆုမွန်သက် LL.B
အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)
ဖုန်း-၀၉-၄၉၂၇၃၉၅၄၊ ၀၉-၇၃၁၁၀၁၂၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၉၀

၁။ ဦးအေးကြူ	နှင့်	၁။ ဦးလှသောင်း
၂။ အေးအေးခိုင်		၂။ ဦးစိုးညွှန့်
၃။ ဒေါ်ဝင်းစန္ဒာအေး		၃။ ဒေါ်ကြည်ကြည်တင်
တရားလိုများ		**တရားပြိုင်များ**

၁။ ဦးလှသောင်း၊ မ-၁၀၊ အောင်ရိပ်သာ ၁လမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံ/မ၊ ၂။ဦးစိုးညွှန့်၊ ၃။ဒေါ်ကြည်ကြည်တင် မ/၂၄ မာန်ပြေ ၇လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၉ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

သွာနုတ္တသားဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ ဖလမ်း၊ အမှတ် ၆၆၃နေ ဒေါ်ညွှန့်ညွှန့် ၁၂/ဥကမ(နိုင်)၀၉၇၆၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါ သည်။

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ညွှန့်ညွှန့်မှ ၎င်း၏သားရင်း မောင်အောင်နိုင်ဝင်း N/OKA-၀၇၃၆၂၃အား သွာနုတ္တသားဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြော်ငြာအား ၂၅-၁၁-၂၀၁၃ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ခြင်းအပေါ် ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစိမ့်စိမ့်ဖြိုး LL.B,LL.M, D.A.Psy
အထက်တန်းရှေ့နေ (စဉ်-၂၉၆၄၆)

ဒေါ်စိုးနွဲ့နွဲ့လှိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၈၆၆၃)

ရုံးခန်းအမှတ် (၁)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပတရားရုံးအနီး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊မြေကွက်အမှတ်၁၀၂၇၊ မြေကွက်တည်နေရာအမှတ် ၁၀၂၇၊ ယဿဝတီ ၁၅ (ဒေါ်မြ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြနှင့်ခင်ပွန်း(ဦးမောင်ဟန်) သမီး(ဒေါ်စန်းခင်)နှင့် (ဒေါ်ခင်ပန်းရီ)တို့ အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်ကြသဖြင့် ဦးတင်မောင် ၁၂/ဥကတ(နိုင်)၀၆၁၇၄၃က တစ်ဦးတည်းသောသမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၆၇၅၊ မြေကွက်တည်နေရာအမှတ် ၆၇၅၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်သန်းသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်း တရားရုံးကိုယ်စား ဘိလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံး၏ တရားမကြီးမှုအမှတ် ၁၃၅/၂၀၁၃(၂၁-၁၀-၁၃)၊ တရားမဇာရီမှုအမှတ် ၁၈/၂၀၁၄နှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ပူးတွဲတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/A၊ မြေကွက်အမှတ် ၂/က၊ မြေကွက်တည်နေရာအမှတ် ၁/က၊ အမှတ် ၃ လမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မစိန်တင်အမည်ပေါက် “က”၃(က)ရပြီး၊မြေအား ဒေါ်နုနုလှိုင်(ဘိလစ်) ၁၂/ဥကမ(နိုင်) ၀၀၄၉၃၄က မင်္ဂလာဒုံမြို့နယ် တရားမကြီးမှုအမှတ် ၁/၂၀၁၂ ၏ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁၀/၂၀၁၂ ၏အမိန့်၊ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ ၁၃-၆-၂၀၁၂ ရက်စွဲပါ ဘိလစ်ခန့်စာ ၃(က) ဝန်ခံချက် လက်မှတ်တို့ကို တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဠ)၊ မြေကွက်အမှတ် (၉၃၀)၊မြေကွက်တည်နေရာအမှတ်(၉၃၀)၊ ဣန္ဒာ(၁၀)လမ်း၊ ဒေါ်ရင် ၁၂/ဥကမ(နိုင်) ၁၂၃၀၈၀ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ရင်၊ ဖခင် ဦးရှုနီဘရူးဝါး ကွယ်လွန်သဖြင့် ဒေါ်အုံးကြည်(ခ)ဒေါ်သန်းသန်းကြည် ၁၂/ဥကမ(နိုင်)၁၅၇၇၇၁၄၊ ဒေါ်လှိုင်လှိုင်ဝင်း ၁၂/ဥကမ(နိုင်)၁၅၇၇၇၁၅ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၆ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၅၂

ဒေါ်တင်တင်မိုး **နှင့်** ၁။ ဦးစိုင်းနေလင်း
၂။ ဒေါ်တင်တင်မြ

တရားနိုင် **တရားရှုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၉၂/၁၂)နေ (ယခုနေရပ်လိပ်စာမသိ) ဦးစိုင်းနေလင်းနှင့် ဒေါ်တင်တင်မြသိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်အုန်းတင့်
ဒုတိယခရိုင်တရားသူကြီး(၃)၊ တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မော်လမြိုင်မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဒေါ်သိန်းညွန့် **နှင့်** (၁) ဦးပိန်ညှော်
အမှတ် (၉၆)၊ နဝရတ်လမ်း၊ (၂) ဒေါ်မနီ
ရတနာထွန်းပွဲရုံတန်း၊ (လင်မယား)
ဈေးကြီးရပ်၊ မော်လမြိုင်မြို့ မြို့ရှောင်လမ်း၊
ဓမ္မကတ္တိကျောင်းဘေး၊
လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့

တရားလို **တရားပြိုင်များ**

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ရှောင်လမ်း၊ ဓမ္မကတ္တိကျောင်းဘေးနေ ဦးပိန်ညှော်၊ ဒေါ်မနီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သိန်းညွန့်က မြေကွက်သက်သက်လက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) ကြော်ငြာစာပါရှိသည့်ရက်မှ စတင်ပြီး ၁၅ရက်အတွင်း မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

(သန်းအောင်)
မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ယူဘွန်ကီး(ခ)ဦးသန်းလွင်

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၉/၁)နေ၊ ဒေါက်တာကျော်ဝင်း(လင်းလက်ပွဲရုံ)-ဒေါက်တာမင်းမင်းသက်တို့၏ဖခင် ယူဘွန်ကီး (ခ)ဦးသန်းလွင်သည် ၂-၈-၂၀၁၄ ရက် (စနေနေ့) နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအုန်းဆိုင်
ဦးခင်ဟန်၊ ဦးအောင်သိန်း၊ ဒေါက်တာမင်းဇော်၊
ဒေါက်တာမျိုးလွင်၊ ဒေါက်တာမြင့်ဦး၊ ဦးစိုးမြ၊ ဦးဇော်မိုး
ဦးမြင့်ဆန်း၊ ဦးဇင်မျိုးနိုင်၊ ဒေါက်တာအောင်ကျော်ညွန့်

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်စန်းမြင့်

အသက်(၇၄)နှစ်

ကွယ်လွန်သူ ဒေါ်စန်းမြင့်၏နာရေးအတွက် အစစအရာရာဝိုင်းဝန်းကူညီကြသော မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ ဥက္ကဋ္ဌဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ၊ အလက(၁)၊ ပန်းဘဲတန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ (ကညန၊ ပြည်နယ်ရုံး တောင်ကြီး)ကိုယ်တိုင်မလာရောက်နိုင်၍ ဖုန်းဖြင့် ဝမ်းနည်းကြောင်း ပြောကြားကြသူများ၊ ရပ်ကွက်အတွင်းမှ မိတ်သင်္ဂဟများ၊ ဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

အထူးပြုဘာသာရပ် မြန်မာစာ ပထမနှစ် ပဲခူးတက္ကသိုလ်မှ အိဝေမွန်၏ ဖခင်အမည်မှန်မှာ ဦးညွန့်နိုင် ၇/ညလပ(နိုင်)၀၇၆၈၆၉ ဖြစ်ပါကြောင်း။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြတင် (MEIC-ငြိမ်း)

အသက် (၉၄)နှစ်

ဦးစောဦး MD-Trading (KMA Group)၏ မိခင် ဒေါ်မြတင်သည် ၂-၈-၂၀၁၄ ရက် (စနေနေ့) ဗန်ကောက်စံတော်ချိန် ညနေ ၅း၂၀ နာရီတွင် Bangkok Hospital Thailand၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
KMA Group of Companies

ဝမ်းနည်းကြေကွဲခြင်း

တန်ကင်တင်း(ခ)ဒေါ်တင်တင်

အသက်(၉၁)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး၊ ပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာခင်လှ၏မိခင် တန်ကင်တင်း(ခ) ဒေါ်တင်တင် အသက်(၉၁)နှစ်သည် ၂၇-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်၊ မန္တလေး (ဓာတုဗေဒဌာန)မှ ဆရာမများ
ဒေါ်အေးအေးသိန်း(ကထိက/ဌာနမှူး)၊
ဒေါ်အောင်တင့်၊ ဒေါ်ခင်ယုယုဆွေ၊
ဒေါ်သီတာလွင်၊ ဒေါ်နော်သလေဖော၊
ဒေါ်နွယ်နွယ်ခိုင်၊ ဒေါ်ယဉ်ဆွေသိမ့်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်ထွေး

အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင်ကြီး ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယအထွေထွေမန်နေဂျာနှင့် ဝန်ထမ်းမိသားစု
မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

ဝမ်းနည်းကြေကွဲခြင်း

ထက်လင်းဆေးတိုက်ပိုင်ရှင် ဒေါက်တာခင်မောင်ထွန်း (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)နှင့်ဇနီး ဒေါ်ဥမ္မာသန်းတို့၏ ချစ်စွာသောမိခင်ကြီး (ဒေါ်ခင်ခင်) အသက် (၉၅)နှစ်သည် ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် တောင်ငူမြို့ ကေတုဆေးခန်း၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးနှင့် မြို့နယ်ပါတီကော်မတီဝင်အားလုံးမှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဟန်လေး (မုံရွာ)

အသက် (၄၇)နှစ်

မုံရွာမြို့နေ ဦးမြင့်လွင်-ဒေါ်ခင်မာကြူတို့၏ ညီ/မောင်၊ ဒေါ်ရီရီဝင်း (KP စတိုး)၏ ခင်ပွန်း ဦးလှဟန်လေး အသက် (၄၇)နှစ်သည် ၅-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆန်းလင်း-ဒေါ်ချိုချိုအောင်မိသားစု
(ရန်ကုန်မြို့)

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဟန်လေး (မုံရွာ)

အသက် (၄၇)နှစ်

မုံရွာမြို့နေ ဦးမြင့်လွင်-ဒေါ်ခင်မာကြူတို့၏ ညီ/မောင်၊ ဒေါ်ရီရီဝင်း (KP စတိုး)၏ ခင်ပွန်း ဦးလှဟန်လေး အသက် (၄၇)နှစ်သည် ၅-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အစ်ကိုကြီး ဦးမြင့်လွင်-ဒေါ်ခင်မာကြူ မိသားစု
(မုံရွာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-I)၊မြေကွက်အမှတ်(၁၀၄)၊ မြေကွက်တည်နေရာအမှတ် (၁၀၄၊စက်မှု-၂လမ်း)၊ မေတ္တာညွန့်ရပ်ကွက်၊ (ဦးလှိုင်မြင့်)အမည်ပေါက် နှစ် ၆၀ရန်မြေအား ဦးလှိုင်မြင့် ကွယ်လွန်သဖြင့် ဒေါ်ဝင်းဝင်းသန်း ၁၂/တမန(နိုင်)၀၃၄၇၀၉က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊မြေကွက်အမှတ်(၁၄၅)၊ မြေကွက်တည်နေရာအမှတ်၁၄၅၊ ပြည်ထောင်စုလမ်း၊ ၂၈ရပ်ကွက်၊ ရွှေပြည်သာ (ဒုဗမက-သန်းညွန့်) အမည်ပေါက် နှစ် ၆၀ရန်မြေအား အမည်ပေါက် ဒုဗမက-သန်းညွန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်စန်း ၇/ပခန(နိုင်)၀၁၆၉၅၉ မှ သေစာရင်း၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြပြီး ၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၁၈ (၂၄-၃-၁၄)ဖြင့် ရသူဒေါ်ငုဝါခိုင်မှ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၀၅ခုနှစ် အရောင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ရင်းငြိမ် အထက၊ တက္ကသိုလ်ဝင်တန်း(င)မှ မမော်မော်စန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းလှိုင် ၁၀/သထန(နိုင်)၁၂၈၁၈၆ ဖြစ်ပါသည်။

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် (အင်္ဂါ) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယအထွေထွေမန်နေဂျာ(မြန်မာ့သစ်လုပ်ငန်း)
မန္တလေးတိုင်းဒေသကြီးနှင့် ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် (အင်္ဂါ) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်အထွေထွေမန်နေဂျာ(ဖောင်ဖွဲ့ရေး)
မန္တလေးဖောင်ဖွဲ့ရေးဒေသနှင့် ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကချင်ပြည်နယ်သစ်တောဦးစီးဌာနမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ထွေး

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း
တင်ဝင်းထွန်း ကုမ္ပဏီမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ထွေး

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်ဆွေ-ဒေါ်မာမာမြတ်
အေးချမ်းသူတို့စံပျော်ရာ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာ ဒေါ်ထွေးထွေး၏မိခင် ဒေါက်တာ ဒေါ်ရီတာမြ (ဗိုလ်မှူး၊ငြိမ်း)သည် ၂-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုအတူ ဝမ်းနည်းရပါကြောင်း။

19 th Batch B.D.S မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ နော်ရီတာမြ (ဗိုလ်မှူး-ငြိမ်း) အသက် (၈၅)နှစ်

ဦးအောင်ကြည်စိုး(Eastern Wealth Co., Ltd.)-ဒေါ်ချိုချို (ဒု-ညွှန်မှူး-ငြိမ်း၊ စက်မှု-၁)တို့၏ မိခင်ကြီး မာမီသည် ၂-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုမောင်နှမများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုင်းအောင်-ဒေါ်နန်းလှမြင့်သန်း (ပိုင်ဟုန်မိသားစု-လားရှိုး)

ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိက ဒေါက်တာ သော်သော်ထွန်း အသက် (၅၇)နှစ်သည် ၃-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူနှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာမိသားစု
လားရှိုးတက္ကသိုလ်

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၁၆၅၅၊ Toyota Mark II JZ × 100 ယာဉ်လက်ဝယ်ရှိသူ ဒုဗိုလ်မှူးကြီးတင်သိန်း ၁၀/သထန(နိုင်) ၀၉၀၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၄၄၁၀၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြိုင် ၁၄/ဟတန(နိုင်) ၀၁၂၈၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊မြေကွက်အမှတ်(၉)၊ မြေကွက်တည်နေရာအမှတ် (၂၅၈)၊ ပင်လုံလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ကျင်ညိမ်း CF -၀၃၁၄၄၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ကျင်ညိမ်းကွယ်လွန်သဖြင့် ဦးအောင်မြင့် ၁၂/မရက(နိုင်) ၀၅၇၄၄၆က (ကွယ်လွန်သူ)၏ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ်၆၉၄၊မြေကွက်တည်နေရာ ၃၂/၆၉၄၊ ဘုရင့်နောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးသန်းရှိန် AA-၀၄၂၄၂၀ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းရှိန်(တရားရုံး)(ကိုယ်စား) ဘိလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်) ၀၀၃၄၁၉ တရားမကြီးမှု ၁၉၁(၁၉-၁၂-၁၃)ဇာရီမှုအမှတ် ၁၂၀(၂၃-၁၂-၁၃)တို့ကို တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်ထွေး (ပြင်ဦးလွင်)
အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အဖွဲ့(မြကန်သာ)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်ထွေး (ပြင်ဦးလွင်)
အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်ဝင်း (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်သန်းသန်းဝင်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်ထွေး (ပြင်ဦးလွင်)
အသက် (၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်
Win & Win Co., Ltd.မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ထွေး
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီ
အားကစားဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ထွေး
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းငွေး- ဒေါ်ခင်စန်းမြင့် မိသားစု
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ထွေး
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှငွေးနှင့် ဇနီး
Htay Family Group of Companies
Zwe Ka Pin United Football Club

ငပုတောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မြမြသိန်း (ပုသိမ်) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊လှိုင်ရတနာ လုံးချင်းအိမ်ရာ၊ သဇင်လမ်းသွယ်၊ တိုက် ၃၇၊ အခန်း ၁၁နေ ဦးချောရွှေ(လ/ထထွေဂျာ၊ ငြိမ်း၊ စိုက်ပျိုးရေးဌာန) ငပုတောမြို့နယ် အသင်းဝင်အမှတ် (ရာ/၅၅)၏ဇနီးသည် ၅-၈-၂၀၁၄ရက်(အင်္ဂါနေ့)ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွန့်ညွန့် (ပေါက်တပင်)
အသက်(၇၉)နှစ်

ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာနေ (ဦးအောင်ချစ်-ဒေါ်လှရှင်)တို့၏သမီးကြီး၊ ဦးလှငွေ-ဒေါ်ညွန့်ကျင်၊ (ဦးစောအောင်-ဒေါ်ညွန့်ကြည်)တို့၏အစ်မ၊ (ဦးအောင်မျိုး)၏ဇနီး၊ ဥူးပညာဝံသ (ရေတာရှည်တောင်ပေါ်ကျောင်းတိုက်၊ ဗဟန်း)၏မယ်တော်ကြီး၊ ရန်ကုန်မြို့နေ ဒေါက်တာတင်ကိုအောင် (B.V.S)-ဒေါ်စိုးစိုးမြင့်၊ ဦးခင်လှိုင်(ညွှန်မှူး/ငြိမ်း၊သစ်တော)-ဒေါ်စန္ဒာအောင်၊ ပါမောက္ခဒေါက်တာခင်မောင်မြင့် (လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၊ အရိုးအထူးကုဆေးရုံ)-ဒေါ်မေထားအောင်၊ ဒေါ်မေရီအောင်၊ ဦးသွင်စိုးအောင်-ဒေါ်သန်းသန်းမြ၊ ဦးအောင်မိုး (Star Triangle Co., Ltd.) - ဒေါ်ကြည်ကြည်သင်းတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၈-၂၀၁၄ ရက်(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၁၃၂၊ ဟံသာဝတီလမ်း၊ အရိုးရောဂါအထူးကုဆေးရုံကြီး ကြည့်မြင်တိုင်မြို့နယ်၊ အဆင့်မြင့်ဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းတင့်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ သုနန္ဒာ(၆)လမ်း၊ အမှတ် ၅၉၀နေ (ဦးမောင်ဆိုင်-ဒေါ်သိန်းမြ)တို့၏သမီး၊ ဦးသောင်းကြည်(ကပစ-ငြိမ်း)၏ဇနီး၊ အုတ်ခွဲတကက အောင်ဇော်မိုး(ပုသိမ်လေတပ်စခန်းဌာနချုပ်)-ဒေါ်မာမာဆွေ၊ ဦးထွန်းထွန်းနိုင်(အင်/မှူး၊ ဖာပွန်ခရိုင်-ဆောက်လုပ်ရေး)-ဒေါ်တင်ဆွေအေး၊ ဦးမျိုးကြည်(ကေကေဓာတ်ပုံတိုက်)-ဒေါ်စုစုခိုင်ကျော်၊ ဦးသန့်ဇော်ဝေ (အင်/ယာ-၂၊ မြို့တော်စည်ပင်)-ဒေါက်တာဇင်ဇင်ထိုက်(အင်/မှူး၊ ဆောက်လုပ်ရေး)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၆-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
ခရမ်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၄၀၆) ဂုဏ်ထူးဆောင် နာယကကြီး
သုဓမ္မမဏိဇောတဓရ ဦးချစ်မောင်(ခ) K.T မူရူးဂေဆင်နီး
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၄လမ်းမြောက်၊ ခြံအမှတ် ၄၇၆နေ ဦးကာသီးရေဆန်း-ဒေါ်ကာဆီယမားတို့၏သား၊ ဦးမောင်မြင့်-ဒေါ်မြတ်မြတ်နွယ် (U.S.A)၊ ဦးထွန်းမြင့်၊ ဦးအောင်မြင့်၊ ဦးတင်ဦး-(ဒေါ်ခင်သန်း)၊ ဦးဝင်းဦး- ဒေါ်နန်းသီသီ၊ ဦးဝင်းညွန့်၊ ဦးဂနေဆား(မလေးရှား)၊ ဦးညီညီလွင်-ဒေါ်ခင်မာလာ၊ ဦးငယ်ငယ်လွင်-ဒေါ်မိုးမိုးလွင်၊ ဦးသန်းဝင်း-ဒေါ်လှလှငွေး၊ ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်သန်း(U.S.A)၊ ဦးမောင်မောင်သွင်-ဒေါ်ဝါဝါထွန်းရွှေ၊ ဒေါက်တာစိုးဝင်းမောင်-ဒေါက်တာမာလာသန်း၊ ကိုလင်းသိန်းငွေးတို့၏ဖခင်၊ မြေး ၁၉ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး၊ (ဒေါ်စိန်)၊ ဒေါ်ခင်သန်းငွေးတို့၏ခင်ပွန်းသည် ၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းသန်း
ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၆၈၊ တတိယထပ်နေ (ဦးအစ်ထောင်-ဒေါ်ကျင်မှုံ)တို့၏သမီးကြီး၊ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တပုည၏ ရဟန်းမယ်တော်ကြီး၊ (ဦးအေးကြိုင်)ဇနီး၊ (ဦးဟုတ်လင်း)-ဒေါ်ခင်မြင့်၊ (ဦးမောင်မောင်ဝင်း-ဒေါ်ခင်ကြူ)၊ ဦးဝင်းမြင့်-ဒေါ်ခင်လေးတင့်၊ (ဦးမြင့်)တို့၏ညီမ၊ ဦးအောင်မောင်း-ဒေါ်ရင်ရင်၊ ဒေါ်တင်တင်ထွေး၊ ဒေါ်အေးအေးထွေးတို့၏အစ်မ၊ မအေးအေးသန်း (ခေတ္တ-နယူးဇီလန်)၏မိခင်၊ တူ၊ တူမရှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆပ်သွားဖူးကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ ဆပ်သွားဖူးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်သောင်း(ပုသိမ်)
အသက်(၆၆)နှစ်

ပုသိမ်မြို့၊ ငှက်ပျောတောလမ်း၊ အမှတ် ၄၅နေ ဒေါ်ရှုကြည်၏ခင်ပွန်း၊ မမေသဇင်ကျော်၊ မောင်သန့်စင်ကျော်၊ မခိုင်ရည်မွန်ကျော်၊ မမြတ်ဆုမွန်ကျော်တို့၏ဖခင်သည် ၂၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ပုသိမ်မြို့ ကြက်မောက်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ဟလီမာဘီ(ခ)ဒေါ်မြရီ
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂၁၆၊ ဒုထပ်၊ ဗိုလ်တထောင်ဘုရားလမ်းနေ [ဟာဂျီမာမက်ရာစင်း(ခ)ဦးခင်မောင်]၏ဇနီး၊ ဦးဘသိန်း-ဒေါ်ချယ်ရီ၊ ဦးဘသန်း-ဒေါ်မြင့်မြင့်၊ ဦးသက်ဝင်းမြင့်-ဒေါ်ခင်တိုးမာ၊ ဒေါ်အေးအေးအောင်၊ ဒေါ်ရီရီဝင်း၊ ဒေါ်နီလာမောင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည်၆-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ဟလီမာဘီ(ခ)ဒေါ်မြရီ
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂၁၆၊ ဒုတိယထပ်၊ ဗိုလ်တထောင်ဘုရားလမ်းနေ [ဟာဂျီမာမက်ရာစင်း(ခ)ဦးခင်မောင်]၏ဇနီး၊ မောင်မြတ်သီဟသိန်း၊ မသုထက်ဝေ၊ မတင်မြတ်မွန်သိန်း(တ-နှစ်၊ ကုန်ထုတ်ဓာတုဗေဒ)၊ မောင်ကောင်းဟန်သန်း(ပ-နှစ်၊ ရက္ခဗေဒ)၊ မသင်းမြတ်ဝတီဦး(Grade- IX၊အထက-၁၊ဒဂုံ)၊ မောင်မင်းဟန်ကောင်း(Year V ALBA)၊ မောင်တိုးဝေယံသန်း(Grade -IV၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ ဘွားဘွားကြီးသည် ၆-၈-၂၀၁၄ ရက် နံနက် ၉း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ

ဦးအောင်ထွေးခိုင်
အသက်(၄၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အောင်မြေလမ်းနေ (ဦးသန်းဖေ-ဒေါ်အေးပု)တို့သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာနေ (ဦးဘကြိုင်-ဒေါ်ကျင်လှ)တို့၏သားသမက်၊ ဒေါ်ခင်တင့်၊ ဦးအံ့ကြီးမောင်-ဒေါ်စန်းယဉ်၊ ဗိုလ်မှူးကြီးမြင့်ကြည်(ငြိမ်း)-ဒေါ်ခင်ခင်ချို၊ ဗိုလ်မှူးမြင့်သောင်း(ငြိမ်း)-ဒေါ်ခင်ချိုဦး၊ ဒေါ်ချိုမာ၊ ဦးအောင်ငွေး-ဒေါ်အေးအေးခိုင်၊ (ဦးအောင်မြင့်)-ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဒေါက်တာကျော်သိန်းထွေး-ဒေါ်သဥ္ဇာငြိမ်းတို့၏အစ်ကို၊ ဦးသိန်းတန်-ဒေါ်စန်းစန်းတို့၏ညီ၊ ဦးမျိုးမြင့်-ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်)တို့၏သားတပည့်၊ တူ၊ တူမ ၁၁ ယောက်တို့၏ဦးလေး၊ အောင်ဆန်းမြို့နယ်၊ ရွာသစ်အနောက်ရပ်ကွက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ် ၇၂ နေ ဒေါ်ဝါဝါကြိုင်၏ခင်ပွန်း၊ မောင်ထက်အောင် (B.E Mechanical) (TU၊ မှော်ဘီ)၊ မောင်ဟိန်းထက်အောင် (1T-EP)(TU၊ မှော်ဘီ)၊ မောင်လှိုင်မင်းထက်(Grade-10၊ အထက-၃၊ အင်းစိန်)တို့၏ဖခင်သည် ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်၏ သဘောဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်တင်ထွေး (ပြင်ဦးလွင်)
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်တို့၏ချစ်လှစွာသောမိခင် ဒေါ်တင်ထွေး အသက်(၈၆)နှစ် (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး)သည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းထိုက်နှင့်ဇနီး ဒေါ်မြမြဦး
ဝန်ထမ်းမိသားစုများ
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဦးစိုးမြင့်(စိုးမြင့်) စာတည်းမှူးချုပ်(အငြိမ်းစား)
The New Light of Myanmar နှင့်
မြန်မာ့အလင်းသတင်းစာတိုက်
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ [ဦးသိန်းမောင် (စာရေးဆရာ ထင်လင်း)-ဒေါ်ခင်ခင်]တို့၏သားကြီး၊ (ဦးသန်းစော-ဒေါ်စိန်မြ)တို့၏သားသမက်၊ တိုက် ၈၉၊ အခန်း ၁၂၊ ဗိုလ်ရာညွန့်လမ်းနှင့်တိုက် ၁၆၀(ဘီ) ပထမသီရိရိပ်သာ၊ အလုံမြို့နယ်နေ (ဒေါ်ခင်လှမြင့်)၏ခင်ပွန်း၊ ဒေါက်တာစမ်းစမ်း(ခေတ္တ-အင်္ဂလန်)၊ ဦးစိုးဝင်း-ဒေါ်အေးအေးသက်၊ (ဦးကျော်ဇော)-ဒေါ်ညွန့်ညွန့်စိန်၊ ဦးခင်ဇော်-ဒေါ်ဝေဝေထွန်း (ခေတ္တ-အမေရိကန်ပြည်ထောင်စု)၊ ဒေါ်ခင်သစ်၊ ဦးအောင်ထွန်း-ဒေါ်လှလှမြင့်တို့၏အစ်ကိုကြီး၊ ဒေါက်တာခင်ခင်ဦး(ကထိက၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာခင်ခင်လတ်-ဦးခင်မောင်ဇော်(ခေတ္တ-အမေရိကန်ပြည်ထောင်စု)၊ ဒေါ်ခင်ခင်ညိမ်း(NANOVA Co., Ltd.)တို့၏ဖခင်၊ မခင်ဆုမွန်(တတိယနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)၊ မောင်ထင်လင်းဇော်တို့၏အဘိုး၊ တူ၊ တူမ ၁၆ယောက်တို့၏ဘကြီးသည် ၇-၈-၂၀၁၄ရက် ညနေ ၄း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်နွဲ့ရီ (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)
အသက်(၆၂)နှစ်

အောင်ပန်းမြို့နေ (ဦးဘသောင်း-ဒေါ်ခင်သန်း)တို့၏သမီး၊ ဒေါ်ခင်မြမြ၊ ဒေါ်တင်တင်နွယ်တို့၏ညီမ၊ ဦးကိုကိုကြီး၊ ဒေါ်မိမိစိုးတို့၏အစ်မ ဒေါ်ခင်နွဲ့ရီ (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)သည် ၄-၈-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဖုန်း၊ ဒေါ်မြင့်မြင့်ရီ မိသားစု
ညွှန်ကြားရေးမှူး၊ နတလ
နေပြည်တော်

ခရစ်တော်၌အိပ်ပျော်ခြင်း
Daw Anna Khai Theih Cing
Y.C.C.F
အသက်(၇၀)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တွေးဆောက်ရွာနေ (U Suan Thang-Daw Niang Thang) တို့၏ သမီး၊ တွေးဆောက်ရွာနေ (U Son Thawng-Daw Cingh Huai) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀) မြောက်ရပ်ကွက်၊ အမှတ် ၁-ကနေ တတက(ဆေး) U Thang Suanh ၏ဇနီး၊ Nu Huai Lam Cing-U Cin Langh, U Thawng Sian Mang-Nu Khup Suan Cing, Nu Thang Za Huai-U Piang Pu, U Thang Khan Suan-Nu Khoi Khan Luan,U Kam Za Dal - ဒေါ်သီတာလှိုင်ငွေ၊ Lia Hau Lun Cing (Tg.Ngin Za Mung), Lia Ciin San Nuam, Tg.Tual Khan Pau တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၇-၈-၂၀၁၄ရက် ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌မိတ္တူတရားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (Fatima Church, Emanuel Church ရှေ့၊ ယုဇနဥယျာဉ်မြို့တော်နှင့် သာကေတ နေအိမ်တို့မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ယဉ်နွဲ့(ခ)ဒေါ်ကင်း
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ မဏိမေခလာလမ်း၊ အမှတ်၂၇၊ A(5)/A(6)နေ(ဦးမှုံကြီး-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဦးကွန်း-ဒေါ်လီဖိန်ဝမ်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ဝင်း)၏ဇနီး၊ ဦးမိုးကျော်-ဒေါ်မြင့်ကြည်၊ဦးငွေဝင်း-မစန္ဒာ၊ ဦးမိုးဇော် - ဒေါ်ခင်မေအေး၊ ဦးဇော်ဝင်းမိုး-ဒေါ်မိုးမိုးလှိုင်၊ ဦးခိုင်စိုး-မစိုးမိုးအေး၊ ဦးကျော်ဇင်သန့်-ဒေါ်ခင်ကလျာလှ၊ ဦးစစ်ပြေငြိမ်း-ဒေါ်ဝေဝေနု၊ ဦးယဉ်မြင့်အောင်-ဒေါ်သီဂီမြင့်အောင်၊ မောင်ဇင်မင်းထွန်းတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏ အဘွားသည် ၈-၈-၂၀၁၄ရက် နံနက် ၉း၃၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ပညာစာရီ(ခ)
ဒေါ်ကောက်ဟုန်(ခ)
ဒေါ်အေးအေးသီ (မြိတ်)
အသက်(၇၀)

မြိတ်မြို့နေ(ဦးစွန်ဖျောင်-ဒေါ်ဆင်း)တို့၏သမီး၊ (ဦးစိန်ဟုတ်)၏ဇနီး၊ (ဦးဟုတ်ကျက်-ဒေါ်အေးစိန်)၊(ဦးအောင်ပု-ဒေါ်ခင်မူ)၊ (ဦးကျင်ချင်-ဒေါ်ဖိတ်ဟင်)၊ (ဒေါ်ရှားအင်)၊ ဦးရှင်တိတ်-ဒေါ်ခင်ခင်မေ၊ ဦးမြင့်လွင်-ဒေါ်သိန်းသိန်းအေး၊ ဦးမောင်ကြဲ-ဒေါ်အင်စုတို့၏ညီမသည် ၈-၈-၂၀၁၄ရက်(သောကြာနေ့) နံနက် ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။[အမှတ်၇၉၇၊အခန်း ၁၀၃(A)၊ မြန်မာ့အလှတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ ရန်ကုန်မြို့ နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အမာစီ
B.Sc (Chemistry)
AGTI (Pyi) ပုံဆွဲ(၁)
ဇလဗေဒရုံး၊ ဒုဦးစီးမှူး
(Civil-8C)
ဆည်မြောင်း၊ ရန်ကုန်မြို့
အသက်(၅၂)နှစ်

